Australian Aid

World Vision

# Smart Navigator Toolkit

# ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း

## Part A



The Vanguard Series

# ရွှေ့ပြောင်းစာစဉ်

လူကုန်ကူးခြင်းနှင့် လုံခြုံမှုမရှိသောရွှေ့ပြောင်းသွားလာခြင်းများအား တိုက်ဖျက်ရန်အတွက်ဆန်းသစ်တီထွင်ထားသော လမ်းခင်းခြင်း

ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း
@World Vision International 2014
ISBN 978-0-918261-42-7

စာရေးသူနှင့်ပါဝင်သူများ- Camilla Jordanwood, John Whan Yoon, Amy Collins, Tiffany Tao Joiner, Aimyleen Gabriel နှင့် Mandy Yamanis.

မူပိုင်ခွင့်အားလုံး ကာကွယ်ထားသည်။ ထုတ်ဝေသူထံတွင်ခွင့်ပြုချက်မရရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို မည်သည့်ပုံစံဖြင့်မဆို ကောက်နုတ်သုံးသပ်ချက်များမှလွဲ၍ ပြန်လည်ထုတ်ဝေခြင်းမပြုလုပ်ရ။

World Vision International ကိုယ်စား End Trafficking in Persons (ETIP) Programme မှထုတ်ဝေသည်။
World Vision သည် ခရစ်ယာန်လူမှုရေးအဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်များ၊ မိသားစုများနှင့် လူထုများ၏ ဆင်းရဲခြင်းနှင့် မမျှတမှုများမှ ကျော်လွှားနိုင်ရန် လုပ်ငန်းများဆောင်ရွက်လျှက်ရှိသည်။ ဝေါလ်ဗီရှင်သည် ကမ္ဘာအရပ်ရပ်ရှိ ဆင်းရဲနွမ်းပါးသာည့် ကလေးသူငယ်များ၊ မိသားစုများနှင့် ရပ်ရွာလူထုများ၏ ရေရှည်ဖွံ့ဖြိုးရေးအတွက် အထူးအလေးထားဆောင်ရွက်နေသည်။ ဝေါလ်ဗီရှင်သည် လူမျိုးဘာသာ၊ ယုံကြည်သက်ဝင်မှု ၊ ကျားမ အသက်အရွယ် မခွဲခြားဘဲ အကူအညီပေးလျှက်ရှိသည်။

World Vision International အကြောင်း ပိုမိုသိရှိလိုလျှင်ကျေးဇူးပြု၍ wvi_publishing@wvi.orgသို့ဆက်သွယ်ပါ။

World Vision International သည်သင်တန်း၊ သုတေသန သို့မဟုတ် စီမံကိန်းဒီဇိုင်း၊ လုပ်ကိုင်ဖေါ်ဆောင်ခြင်း၊ သုံးသပ်ခြင်းများနှင့်ပတ်သတ်သည့် ကိစ္စများတွင်ဤစာအုပ်၏ အသုံးဝင်ပုံကို အသေးစိတ်သိရှိရပါက ကျေးဇူးတင်ရှိပါသည်။

ETIP Programme ကိုယ်စား Amy Collins, Senior Editor : Heather Elliott, Production Management: Katie Klopman Fike, Copyediting: Joan La amme, Proofreading: Audrey Dorsch, Cover Design and Interior Layout: Inis Communication,Illustrations: Rishi Mandhyan, John Kelvin Co, and Bleps Carlos-Dapo တို့မှစီစဉ်တည်းဖြတ်ထားသည်။

ဒီဇိုင်း: Inis Communication – www.iniscommunication.com

# Smart Navigator Toolkit

# ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း





# ကျေးဇူးတင်လွှာ

Smart Navigator သင်ရိုးညွှန်းတမ်း (ကျွမ်းကျင်သော လမ်းပြ သင်ရိုးညွှန်းတမ်း လက်စွဲစာအုပ်) မူရင်းစာအုပ်ကို ပြုစုပေးသူ Camilla Jordanwood က လူကုန်ကူးမှုနှင့်ပတ်သက်သည့် အန္တရာယ်များနှင့် ၎င်း၏အန္တရာယ်များမှ ရှောင်ရှားနိုင်ရန် ဘဝ တသက်တာကျွမ်းကျင်မှုများ ရရှိရန် တည်ထွင်ကြံဆပြီး ဤစာအုပ်ကို ရေးသားခဲ့ပါသည်။

ဤစာအုပ်ကို ပိုင်းခန်း ဖတ်ရှု တည်းဖြတ်ပေးသည့် အောက်ပါပုဂ္ဂိုလ်အသီးသီးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ John Whan Yoon, World Vision End Trafficking in Persons (ETIP) Programme Manager; Amy Collins, World Vision ETIP Prevention Project Manager; Tiffany Tao Joiner, World Vision Child Participation and Child Well-Being and Rights Specialist; Aimyleen Gabriel, World Vision Technical Program Manager for Child Protection; and Mandy Yamanis, World Vision Child Protection and Participation Learning Hub.

ဤစာအုပ်ဖြစ်ပေါ်လာရေးအတွက် အဖက်ဖက်မှ အထူး ပိုင်းဝန်းကူညီပေးခဲ့ကြသော ETIP စီမံကိန်းဝန်ထမ်းများဖြစ်ကြသော ကမ္ဘောဒီးယားမှ  Kimthea Pich နှင့် Sophal Cheaတရုတ်ပြည်မှ Fei Wang နှင့် Xue Lianလာအိုနိုင်ငံမှ Southasa Bousdyနှင့် Phouthaluck Phontsaona၊ မြန်မာနိုင်ငံမှ ဘန်အောင်နှင့်ခင်မျိုးသန့်၊ ထိုင်းနိုင်ငံမှ Chinethai Rucsachart နှင့် Natpimon Apipongpisarn တို့နှင့် ဗီယက်နမ်နိုင်ငံမှ Le Thi Thanh Hang and Vu Thi Du တို့ကိုအထူးကျေးဇူးတင်ရှိပါသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင် လူကုန်ကူးမှုလုံခြုံမှုမရှိသည့် ရွှေ့ပြောင်းသွားလာခြင်းများကို လေ့လာမှတ်တမ်းတင်နေကြသောသုတေသီများနှင့် ကျွမ်းကျင်သူများကိုလည်း အထူးကျေးဇူးတင်ပါသည်။ ကလေးသူငယ်များ၏အခွင့်အရေး ဖောက်ဖျက်နေမှုများနှင့် အကာအကွယ်ပေးရန်နည်းလမ်းများကို သတိပြုမိရန်နှင့် ပိုမို နားလည်သဘောပေါက်ရန် ၎င်းတို့၏လုပ်ငန်းများသည်လည်း အရေးကြီးပါသည်။

ဤစီမံချက်ဖြစ်မြောက်ခြင်းအတွက် World Vision နှင့် ETIP စီမံကိန်းကိုလည်း အထူး ကျေးဇူးတင်ပါသည်။

ကျေးဇူးတင်ပါသည်

Amy Collins

ETIP Regional Prevention Project Manager

# အမှာစာ




လူကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အမျိုးသားများကို ထိခိုက်နစ်နာစေသောဆိုးဝါးသည့် ရာဇဝတ်မှုဖြစ်သည်။ ၎င်းသည် မိမိအမြတ်ရရှိရေးအတွက် လူတစ်ဦးတစ်ယောက်အား ခေါင်းပုံဖြတ်ခံရသည့် အခြေအနေသို့ ကျရောက်တည်ရှိစေသည်။ ခေါင်းပုံဖြတ်ခံရသည့်အခြေအနေများမှာ အတင်းအကျပ်အလုပ်စေခိုင်းခံရခြင်း (သို့) အကြွေး၏ ကျေးကျွန်အဖြစ် အလုပ်စေခိုင်းခံရခြင်း၊ ကလေးအလုပ်သမားဖြစ်စေခြင်း၊ ကာမ/လိင်အားဖြင့်ခေါင်းပုံဖြတ်ခံရခြင်း၊အိမ်စေ (သို့) လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်စေခြင်းတို့ဖြစ်သည်။

မဲခေါင်ဖြစ်ဝှမ်းဒေသတွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် (၆) နိုင်ငံတို့ပါဝင်ပြီး ၎င်းတို့ကို မဲခေါင်မြစ်ဖြင့် ဆက်နွယ်ထားသည်။ ဤဒေသတွင် ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာခြင်းများ အလွန်များပြီး၊ တရားဝင်နှင့်လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာရန် အခွင့်အရေးများတွင် ကန့်သတ်ချက်များရှိသည်။ ထို့ကြောင့်ရွှေ့ပြောင်းသွားလာသူများကို ခေါင်းပုံဖြတ်ရန်နှင့်လူကုန်ကူးရန် အခွင့်အရေးကောင်းများကိုဖန်တီးပေးသည့် စားကျက်မြေဖြစ်နေပါသည်။ လျို့ဝှက်စွာဖြင့်တရားမဝင်ဖြစ်နေသည့် ပြစ်မှုများ၏ အခြေအနေကြောင့် တကယ်ဖြစ်ပျက်နေသည့် လူကုန်ကူးမှုအတိုင်းအတာကို တိကျစွာခန့်မှန်းရန် ခက်ခဲသော်လည်း ကြီးမားသည့်အတိုင်းအတာဖြင့် လူကုန်ကူးမှု အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်နေသည့် သက်သေသာဓကများစွာ ဤဒေသတွင် တွေ့ရှိရပါသည်။

လူကုန်ကူးမှုကိုတိုက်ဖျက်ရန် World Vision အပါအဝင်အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်အဖွဲ့အစည်းများနှင့် မဲခေါင်ဒေသအစိုးရများသည် ကြိုးစား အားထုတ်နေကြပါသည်၊ ဒေသဆိုင်ရာစီမံကိန်းတစ်ခုဖြစ်သည့် World Vision ၏ လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းကို အောက်တိုဘာ ၂၀၁၁ မှ စက်တင်ဘာ ၂၀၁၆ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ မဲခေါင်ဒေသ၆နိုင်ငံတွင် အကောင်အထည်ဖော်လျှက်ရှိပြီး ETIP စီမံကိန်းသည် ဤစီမံကိန်းမျိုးများအနက် အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး၊ ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မူဝါဒစသည့် အဓိကမဏ္ဍိုင်ကြီး (၃) ရပ်ပါဝင်ပါသည်။

World Vision သည် ကလေးသူငယ်များနှင့် လူငယ်များကို ပြောင်းလဲမှုဖြစ်စဉ်၏ အဓိကကျသောကိုယ်စားလှယ်များဟု ခံယူထားသည့်အတွက် ကလေးသူငယ်များနှင့်လူငယ်များ၏အခွင့်အရေးကို မြှင့်တင်ပေးခြင်းအားဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင်၎င်းတို့ တိုက်ရိုက် ပါဝင်လာနိုင်အောင် ပျော်ရွှင်ဖွယ်ကောင်းသည့် လူငယ်အစီအစဉ်များကို ETIP တွင်အရင်းအနှီးပြုထားသည်။ ကာကွယ်မှုမဏ္ဍိုင်စီမံချက်အောက်တွင် လူငယ်များအချင်းချင်း ပုံမှန်တွေ့ဆုံနိုင်ရန် အသင်းအဖွဲ့များဖွဲ့ပြီး လူကုန်ကူးမှုအကြောင်းကိုလေ့လာသိရှိပြီး ဗဟုသုတအတွေ့အကြုံများ ဖလှယ်ခြင်းအားဖြင့် လူကုန်ကူးမှုမခံရအောင် ကိုယ့်ကိုယ်ကိုနှင့် ၎င်းတို့၏သူငယ်ချင်းများကိုလည်း သတင်းချက်အလက်များ ဖြန့်နိုင်ရန် စီစဉ်ထားသည်။ ဤစာအုပ်သည် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်း မရှိဆုံးဖြစ်သည့် လူငယ်များ မိမိကိုယ်ကို စီမံခန့်ခွဲနိုင်ရန်အရည်အချင်း၊ ထိရောက်စွာဆက်သွယ်နိုင်မှုနှင့် လိုရာကို ဆွေးနွေး တိုင်ပင်ညှိနှိုင်းနိုင်သောအရည်အချင်း၊ အကျပ်အတည်းနှင့် ရင်ဆိုင်နေရပါက မှန်မှန်ကန်ကန် တွေးတောပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်ချနိုင်သည့် အရည်အချင်း၊ ဘဝရှေ့ရေးအတွက် မှန်ကန်သောရည်မှန်းချက်ချနိုင်သည့် အရည်အချင်းအစရှိသော ဘဝတသက်တာအတွက် လိုအပ်သည့်အရည်အချင်းများရရှိနိုင်ရန် စသည်တို့ကို ကူညီပေးနိုင်ရန် ရည်ရွယ်၍ရေးသားထားခြင်းဖြစ်ပါသည်။ ဤအရည်အချင်းများ ရှိပါက လူငယ်များ လူကုန်ကူးမှုမခံရအောင် ကိုယ့်ကိုယ်ကို ရှောင်ရှားကာကွယ်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဤလက်စွဲစာအုပ်သည် မိမိကိုယ်ကိုနှင့် မိမိနေထိုင်ရာလူမှုအဖွဲ့အစည်းရှိ လူငယ်များ လူကုန်ကူးမှုမခံရအောင် လူငယ်များ၏ဘဝများကို ပုံသွင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ အထက်ပါရလဒ်များရရှိနိုင်ရန်နှင့် ရေရှည်တည်တန့်ခိုင်မြဲရန် လူငယ်အသင်းအဖွဲ့များရည်ရွယ်ဖွဲ့စည်းထားခဲ့ပါသည်၊ ဤကဲ့သို့ဖွဲ့စည်းခြင်းမှာ ပထမခြေလှမ်းဖြစ်ပါသည်။



Agnes Ting

ဒေသခေါင်းဆောင် - အရှေ့အာရှ



# မာတိကာ


ကျေးဇူးတင်လွှာ ii

အမှာစာ iii

**မိတ်ဆက်ခြင်း ........................................၁**

**အပိုင်း(က) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုစတင်တည်ထောင်ခြင်း ...................... ၂**

သဘောတူညီချက်ပုံစံ-ပါဝင်သည့်လူငယ်များ၏မိဘများ သို့မဟုတ်အုပ်ထိန်းသူများအတွက် ........................... ၄

ဦးဆောင်သူကိုအသုံးပြုခြင်း ..................................၆

မိမိဘာသာစောင့်ကြည့်ခြင်းပုံစံများ ........................... ၆

မိမိဘာသာစောင့်ကြည့်ခြင်းပုံစံ ...............................၇

အသင်းတည်ဆောက်ခြင်း-သွေးပူလုပ်ဆောင်ချက်များ..... ၉

သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်၁ မျဉ်းတစ်ကြောင်းပြုလုပ်ပါ .......................................၉

သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်၂ ဘောလုံးကစားနည်း ...........................................၁၀

သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်၃ သင်မသိနိုင်သည့်အရာတစ်ခု ....................................၁၁

သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်၄ မှတ်ဉာဏ်ဘောလုံးကစားနည်း ...............................၁၂

သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်၅ ဉာဏ်စမ်းကစားနည်း ...........................................၁၃

သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်၆- အထည်သို့မဟုတ်ပုဝါကစားနည်း .............................၁၇

**အခန်း (၁)** ကျွန်ုပ်တို့၏အဖွဲ့နှင့်မိတ်ဆက်ခြင်...............၁၈

**အခန်း (၂)** ကျွန်ုပ်တို့၏ဘဝများအကြောင်းကိုစဉ်းစားခြင်း ...၂၅

**အပိုင်း (ခ) လူကုန်ကူးခြင်းနှင့်ရွှေ့ပြောင်းသွားလာခြင်း အကြောင်းသတင်းအချက်အလက် ................၂၈**

အခန်း (၃) လူကုန်ကူးခြင်းဆိုတာဘာလဲ။......................၃၀

အခန်း (၄) လူကုန်ကူးခြင်းသည်မည်သည့်နေရာတွင်မဆို ဖြစ်နိုင်သည်။.......................................................၃၈

အခန်း (၅) လိင်ခွဲခြားဆက်ဆံခြင်း.............................၅၄

အခန်း (၆) လူကုန်ကူးခြင်းတွင်မူးယစ်ဆေးဝါးများနှင့် အရက်၏အကျိုးသက်ရောက်မှုများ.............................၅၉

အခန်း (၇) ကလေးသူငယ်များအတွက်လူကုန်ကူးခြင်း......၇၀

အခန်း (၈) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းအတွက် လူကုန်ကူးခြင်း................................................... .၈၀

အခန်း (၉) လုည့်ဖျားမခံပါနှင့်...................................၈၇

အခန်း (၁၀) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ညီလာခံသဘောတူစာချုပ် .......................................၉၉

အခန်း (၁၁) လူကုန်ကူးခြင်းဥပဒေများနှင့် လူ့အခွင့်အရေးများ ............................................၁၀၄

အခန်း (၁၂)အထောက်အထားဖြင့်ရွှေ့ပြောင်းသွားလာခြင်း၁၁၄

**အပိုင်း (ဂ) တစ်ဦးချင်းစီ စိတ်ဓါတ်ကြံ့ခိုင်နိုင်စေရန် တည်ဆောက်ပေးနိုင်သည့်ဘဝတွက်တာ ကျွမ်းကျင်စရာများ ....................................၁၁၈**

အခန်း (၁၃) ဖွင့်ဟပြောဆိုခြင်း .................................၁၂၀

အခန်း (၁၄) ကောင်းစွာနားထောင်ခြင်း ......................၁၂၇

အခန်း (၁၅) စိတ်လှုပ်ရှားမှုများနှင့်အတွေးများ ( စိတ်လှုပ်ရှားမှုကိုစီမံခန့်ခွဲသည့်စွမ်းရည်များ) .................၁၃၅

အခန်း (၁၆) စိတ်ခံစားချက်များကိုစီမံခန့်ခွဲခြင်း .............၁၄၂


အခန်း (၁၇) လူကုန်ကူးသူလား သို့မဟုတ် လူကုန်ကူးသူ မဟုတ်ဘူးလား။. ...................................................၁၄၈

အခန်း (၁၈ ) အင်တာနက်ဘေးကင်းလုံခြုံမှု...................၁၅၆

အခန်း (ဃ) လုံခြုံစိတ်ချစွာရွှေ့ပြောင်းသွားလာရန် စီစဉ်ခြင်း.....................................................၁၆၄

အခန်း (၁၉) ဆုံးဖြတ်ချက်ချမှတ်သည့်အရည်အသွေးများ....၁၆၆

အခန်း(၂၀)၊ပိုမိုလေ့လာခြင်း.......................................၁၇၅




အခန်း (၂၁) မေးခွန်းများမေးခြင်း ....................................၁၈၁

အခန်း (၂၂) ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာသေချာသည့်

စာရင်းအားအသုံးပြုခြင်း...............................................၁၈၂

အခန်း (၂၃) လမ်းခရီးတွင်လုံခြုံမှုကိုထိန်းသိမ်းခြင်း ..............၁၈၇

အခန်း (၂၄) သင်ရောက်ရှိသောအခါ .............................၁၉၅

အခန်း (၂၅) သင်လူကုန်ကူးခံရပါကဘာလုပ်ရမည်နည်း .......၂၀၆

အခန်း (၂၆) ပြန်လည်စဉ်းစားခြင်း၊လုံခြုံသော

ရွှေ့ပြောင်းသွားလာခြင်းအတွက်လမ်းကြောင်း....................၂၁၄

**အပိုင်း (င) လုပ်ဆောင်ခြင်း ..............................၂၁၈**

အခန် (၂၇) သင်သိသည်ကိုအခြားသူများအားမျှဝေခြင်း .......၂၂၁

အခန်း(၂၈) လူထုအတွင်းလှုပ်ရှားမှု – အဆင့်၁...................၂၃၁

အခန်း (၂၉) လူထုတွင်းလှုပ်ရှားမှု – အဆင့်၂ ...................၂၃၆

အခန်း (၃၀) ပတ်ဝန်းကျင်တွင်းလှုပ်ရှားမှု – အပိုင်း၃ ..........၂၄၂

အခန်း (၃၁) ပတ်ဝန်းကျင်တွင်းလှုပ်ရှားမှု – အဆင့်၄ ...........၂၄၅

**အပိုင်းစ - အဓိကထောက်ပံ့ပေးခြင်းအချက်များ၏**

**အနှစ်ချုပ် ....................................................၂၄၈**

စစ်ဆေးရမည့်စာရင်း

ကောင်းမွန်သောလူကြီးဦးဆောင်သူများ............................၂၅၁

စစ်ဆေးရမည့်စာရင်း

ကောင်းမွန်သောလူငယ်ဦးဆောင်သူများ............................၂၅၂

ထိခိုက်လွယ်သည့် လူငယ်များ -စစ်ဆေးရမည့်စာရင်း ..........၂၅၂

စစ်ဆေးရမည့်စာရင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အလုပ်ရုံဆွေးနွေးပွဲ..........၂၅၃

စစ်ဆေးရမည့်စာရင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တည်နေရာ....................၂၅၄

ကြယ်ပွင့်စနစ် ..........................................................၂၅၅

စာမဖတ်တတ်သော လူငယ်အတွက် ကျွမ်းကျင်သော လမ်းပြ

သင်ရိုးညွှန်းတမ်းကို လိုက်ဖက်ညီအောင် ပြင်ဆင်ခြင်း.........၂၅၆

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကို

စောင့်ကြည့်စစ်ဆေးခြင်း ............................................၂၅၇

ကောင်းမွန်စွာ ဦးဆောင်ခြင်း........................................၂၅၈

ဆွေးနွေးခြင်းများ၏ ကောင်းမွန်သော ဦးဆောင်ခြင်းအတွက်

နည်းဗျူဟာများ.......................................................၂၅၉

သောကရောက်နေသော လူငယ်များကို တုန့်ပြန်ခြင်းနှင့်


ကလေးသူငယ်ကာကွယ်ရေး.........................................၂၆၁

ဝေါဟာရ ...............................................................၂၆၁

နောက်ဆက်တွဲ က

World Vision နိုင်ငံတကာ ကလေးသူငယ်

ကာကွယ်စောင့်ရှောက်ရေး မူဝါဒ..................................263



## ဝေါလ်ဟာရအသုံးအနှုန်းနှင့် ပတ်သက်သည့်မှတ်ချက်များ

ဤစာစောင်တလျှောက်လုံးတွင် ဖော်ပြထားသည့်လူငယ်ဆိုသည်မှာ ကလေးမဟုတ်ပါ။အသက် (၁၈)နှစ်အောက်ကို ကလေးဟု ဝေါလ်ဗွီရှင်က သတ်မှတ်ပါသော်လည်း ဤစာစောင်တွင် အသက် (၁၂-၁၇)နှစ် ရှိသူများကို လူငယ်ဟု သတ်မှတ်ပြီး လူငယ်နှင့် လူငယ်ကလပ်ဟု သုံးနှုန်းဖော်ပြထားပါသည်။ ၎င်းတို့ကို ၎င်းတို့က ကလေးဟု မသတ်မှတ်ဘဲ လူငယ်ဟု ရည်ညွှန်းကြပါသည်။

(Victim)သားကောင်ဆိုသည့်အသုံးအနှုန်းမှာ လူကုန်ကူးခြင်းခံရသူကို ဆိုလိုပါသည်။ ရွှေ့ပြောင်းနေထိုင်သူများ လူကုန်ကူးခြင်းခံရလျှင် ၎င်းသည် သူတို့အပြစ်နှင့် သူတို့ဘဲဟု အပြစ်တင်လေ့ရှိပါသည်။ လူကုန်ကူးခြင်းခံရခြင်းသည် ရွှေ့ပြောင်းနေထိုင်သူများ၏ အပြစ်မဟုတ်ကြောင်း (Victim)သားကောင်ဆိုသည့်အသုံးအနှုန်းက အလေးထားပေါ်လွင်စေ ပါသည်။

ဤစာစောင်တွင် ပြည့်တန်ဆာဟူသော အသုံးအနှုန်းကိုလည်း သုံးထားပါသည်။ လူငယ်များကို ပြည့်တန်ဆာအိမ်များတင် အတင်းအကျပ်ပြည့်တန်ဆာလုပ်ခိုင်းသည့်အခြေအနေအကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ၎င်းတို့ကို သားကောင်ဟု စဉ်းစားသတ်မှတ်ပါသည်။ လိင်အလုပ်သမားဆိုသည့်အသုံးအနှုန်းမှာ ပြည့်တန်ဆာအိမ်များတွင် အလုပ်လုပ်သူဟု ဆိုလိုအဓိပ္ပါယ်သက်ရောက်ပါသည်။ ပြည့်တန်ဆာအိမ်များသို့ လူကုန်ကူးခြင်းခံရသော လူငယ်များအတွက် ဤကိစ္စမှာ မမှန်ကန်ပါ။ ဤလူငယ်များသည် ပြည့်တန်ဆာအိမ်များတွင် အလုပ်လုပ်ရန် သူတို့ကိုယ်တိုင် ရွေးချယ်ခဲ့ကြခြင်းမဟုတ်ကြပါ။ သူတို့အဖိုးအခလည်း မရကြပါ။ ထွက်ခွာခွင့်လည်း မရကြပါ။

ဤစာစောင်တွင် ဖော်ပြထားသည့် လေ့လာတွေ့ရှိချက်များသည် ရွှေ့ပြောင်းသွားလာသူများ၏ဘဝတွင် ကြုံတွေ့ရသည့်တကယ့်အဖြစ်အပျက်များကို အခြေခံထားပါသော်လည်း ၎င်းတို့သည် ၎င်အဖြစ်အပျက်များကို စုပေါင်း ခြုံငုံဖော်ပြထားချက်များဖြစ်ပြီး ၎င်းတို့သည် လူကုန်ကူးခြင်းခံရသည့် သားကောင် တစ်ဦးချင်း၏ခံစားချက်များကို မထင်ဟပ်နိုင်ပေ။ ရွှေ့ပြောင်းသွားလာသူများ၏ဘဝတွင် ကြုံတွေ့ရသည့် တကယ့်အဖြစ်အပျက်များကို ဖော်ပြရာတွင် ကာယကံရှင် များ၏အမည်နှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို လျှို့ဝှက်ထားနိုင်ရန်နှင့် ရှုပ်ထွေးမှုများ မဖြစ်စေရန် ၎င်းဖော် ပြချက်များတွင် ကာယကံရှင်များကို သင်္ကေတများဖြင့်သာ ဖော်ပြထားပါသည်။

# မိတ်ဆက်ခြင်း



Smart Navigator Youth Clubs (ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့) သည် လူကုန်ကူးမှုအန္တရာယ်အား လျှော့ချနိုင်ရန် လူငယ်အဖွဲ့များအား စွမ်းအားမြှင့်ပြီး ၎င်းတို့ကိုယ်တိုင်နှင့် ဘဝတူတူလူငယ်များအား ကာကွယ်စေနိုင်ရန် ပြုလုပ်ထားသည့် ကျေးရွာအခြေခံအဖွဲ့ဖြစ်ပါသည်။ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့အား တရုတ်၊ ဗီယက်နမ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအို PDR တို့တွင် ဖွင့်လှစ်ထားရှိပြီး ရွှေ့ပြောင်းသွားလာမှု သို့မဟုတ် လူကုန်ကူးမှု အန္တရာယ်မြင့်မားသည့် လူထုထဲတွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

လူငယ်များနှင့် လူကြီးများအတွက် Smart Navigator Training Manual သည် လူငယ်အဖွဲ့အား ဖြစ်ပေါ်လာနိုင်စေရန် ပံ့ပိုး ကူညီထားသည်။ ယင်းအား လူငယ်အဖွဲ့ပုံစံဖြင့် ဖန်တီးထားခြင်းဖြစ်ပြီး လူငယ်အဖွဲ့စတင်စဉ်မှ အစပြု၍ စည်းမျဉ်းစည်းကမ်းများ ဖော်ပြပါရှိသည်။ လူငယ်အဖွဲ့ စတင်တည်ဆောက်လျှင်၊ World Vision ရှိ လုပ်ဖော်ဆောင်ဖက်များနှင့် ဒေသတွင်း လူထုများပူးပေါင်းကာ အလားအလာရှိသော လူငယ်ပါဝင်သူများနှင့် ဦးဆောင်သူများကိုရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။

အဖွဲ့မစတင်မီ၊ World Vision ဝန်ထမ်း၊ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူ၊ လူငယ်နှင့် မိဘများတွေ့ဆုံကာ Smart Navigator သင်ရိုးညွှန်းတမ်းရှိ ပါဝင်မှုများ အကြောင်း ဆွေးနွေးကြမည် ဖြစ်သည်။ ယင်းတာဝန်ရှိသူများမှ အသက်အရွယ်၊ ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ အရ ပယ်သင့်သည့် ခေါင်းစဉ်များအား ဆုံးဖြတ်ကြမည် ဖြစ်သည်။ မိဘ/အုပ်ထိန်းသူနှင့် လူငယ်များအားကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တွင် သူတို့ပါဝင်လိုသည့် အပိုင်းလိုက် သဘောတူညီချက် လက်မှတ်ရေးထိုး စေမည်ဖြစ်သည်။ ယင်းတာဝန်ရှိသူများသည် အဖွဲ့အစည်းအဝေးအား လူငယ်များ၏ လိုအပ်ချက်ပေါ် မူတည်ပြီး စီစဉ်ပေးရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့အတန်းလူငယ်များ၏ လိုအပ်ချက်အရတစ်ပတ် သို့မဟုတ် ၂ပတ်တိုင်း တစ်ကြိမ်ပြုလုပ်လျှင် ၈မှ ၁၆လ အထိ ကြာမြင့်လေ့ရှိပြီး တစ်ချိန်လျှင် ၇၅မိနစ်ခန့် ကြာမြင့်တတ်သည်။ သို့သော် သင်ရိုးညွှန်းတမ်းအား အပတ်စဉ် အချိန်ဇယား အတိုင်းမတက်ရောက်နိုင်သည့် လူငယ်များအတွက် ပိုမိုကြာမြင့်သည့် အလုပ်ရုံဆွေးနွေးပွဲ ပုံစံဖြင့်ပြောင်းလဲသင်ကြားနိုင်သည်။

ယင်း သင်ရိုးညွှန်းတမ်းအား သင်တန်း ပေးထားသော လူကြီးနှင့် လူငယ်ဦးဆောင်သူများမှ ပြုလုပ်သွားမည်ဖြစ်ပြီး၎င်းတို့မှာစေတနာ့ဝန်ထမ်းများဖြစ်ကြသည်။ သင်တန်းတွင် အခန်း ၃၁ခန်း ပါရှိပြီး သွေးပူ လေ့ကျင့်ခန်းများလည်း ပါဝင်ပါသည်။ ဤသင်ရိုးညွှန်းတမ်းသည် လူငယ်များအား ဗဟုသုတနှင့် အရည်အချင်း တိုးတက်စေရန် ကူညီပေးနိုင်မှာဖြစ်ပါတယ်။ လူငယ်များသည် လူကုန်ကူးခြင်းနှင့် ပါတ်သတ်ပြီး ဗဟုသုတ တိုးပွားလာကာ၊ ကွန်ယက်အထောက်အပံ့လုပ်ဆောင်ခြင်း သို့မဟုတ် အကူအညီနံပါတ်များ ဆက်သွယ်ခြင်းအစရှိသည့် ၎င်းတို့ ကိုယ်ကိုကာကွယ်မှု အဆင့်များလည်း နိုင်မာလာမှာဖြစ်ပါတယ် ။
တစ်ချိန်တည်းမှာပဲ လူငယ်များသည် ၎င်းတို့ ကိုယ်ပိုင် တွေးခေါ်မှုဖြင့် လူကုန်ကူးခံရသည့် ဥပမာများအား လေ့လာကာ တိကျသည့်ဘဝတွက်တာ ကျွမ်းကျင်စရာများကို သိရှိရမှာဖြစ်ပါတယ်။ ပါဝင်သူလူငယ်အားလုံးကို ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်ကိုလည်းပေးအပ်သွား မှာ ဖြစ်ပါတယ် ။ ၎င်းမှာ ပတ်စ်ပို့အရွယ်သာရှိပြီး ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် အရေးကြီးသည့်အချက်များစွာပါဝင်ကာ လူငယ်များမှ အရင်းအမြစ် ကောင်းတစ်ခုအဖြစ် သိမ်းဆည်း ထားနိုင်မှာဖြစ်ပါတယ်။

အပိုင်း(က)
ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တစ်ခု
စတင်တည်ထောင်ခြင်း

# Part A

# Setting Up a Smart Navigator Youth Club



# သဘောတူညီချက်ပုံစံ- ပါဝင်သည့် လူငယ်များ၏မိဘများ သို့မဟုတ် အုပ်ထိန်းသူများအတွက်



## အသုံးပြုရန်ညွှန်ကြားချက်များ

မိဘများ / အုပ်ထိန်းသူများ၏ သဘောတူညီချက် ပုံစံများသည် လူငယ်အဖွဲ့ကို မဆက်သွယ်မီ လက်မှတ် ရေးထိုးထားသင့်သည်။ အကယ်၍ သင်သည် အစပိုင်း အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်ကြောင့် အခန်းတချို့ကို ချန်ထားခဲ့ဖို့ ဆုံးဖြတ်ပြီးပါက ၎င်းကို မိဘများ/ အုပ်ထိန်းသူများ လက်မှတ်ထိုးရန်အတွက် မပေးအပ်မီတွင် ပုံစံစာရွက်ပေါ်တွင် ကြက်ခြေခတ် ခြစ်ထားနိုင်သည်။ စီစဉ်ထားသော ခွင့်ပြုချက်ပုံစံကို ထုတ်ပါ။ ၎င်းတို့ မည်သည့် အရာကို ခွင့်ပြုသည်ဆိုတာကို ၎င်းတို့ နားလည်စေရန်အတွက် ပါဝင်သောအကြောင်းအရာများကို မိဘနှင့် လူငယ်တစ်ဦးစီကို ရှင်းပြပါ။ ထို့နောက် ၎င်းတို့၏ လက်မှတ်များကို ရယူပါ။လက်မှတ်ထိုးထားသောပုံစံများကိုလုံခြုံသော ဖိုင်တစ်ခုထဲတွင် ဖိုင်တွဲထားပါ။

## သဘောတူညီချက်ပုံစံ

လူငယ်အဖွဲ့သည် သင့်ကလေးအား လုံခြုံသော ပတ်ဝန်းကျင်တစ်ခုတွင် အခြားသော လူငယ် ၂၈-၃၈ နှင့်အတူ စိတ်လှုပ်ရှားမှုများနှင့် တုန့်ပြန်လုပ်ဆောင်မှုများတွင် ပါဝင်မည့် အပတ်စဉ်သို့မဟုတ်တစ်လနစ်ကြိမ် ကျင်းပသည့်အဖွဲ့အစည်းအဝေးများတွင် ပါဝင်ရန် ဖိတ်ခေါ်ပါသည်။ အဖွဲ့ရှိ အစည်းအဝေးများသည် လေ့ကျင့်ပေးထားသော အရွယ်ရောက်ပြီးသားခေါင်းဆောင်များက ဦးစီးဦးဆောင် ပြုလုပ်ပြီး လူငယ်ခေါင်းဆောင်များက အချို့လေ့ကျင့်ခန်းများကို ဦးဆောင်လိမ့်မည်။အဖွဲ့သည် ၈လခန့်ကြာမြင့်မည် ဖြစ်သည်။

- ဤအဖွဲ့သည်သင့်ကလေးကိုအောက်ပါသတင်းအချက်အလက်များကိုပေးလိမ့်မည်။
  - လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်မှုနှင့် စိတ်လှုပ်ရှားမှုကို ထိန်းကျောင်းမှုတို့ အပါအဝင် ဘဝတွက်တာကျွမ်းကျင်စရာများ
  - လူကုန်ကူးခြင်းအကြောင်း
  - လူငယ်များအား စီးပွားရေးအတွက် လိင်ခေါင်းပုံဖြတ်ခြင်းများအကြောင်း
  - လူကုန်ကူးမှုတွင် ပြည့်တန်ဆာအိမ်များ၏ အခန်းကဏ္ဍ
  - လူကုန်ကူးမှုတားဆီးရေး ဥပဒေများနှင့် လူ့အခွင့်အရေးများ
  - လိင်ခွဲခြားမှုနှင့် လူကုန်ကူးခြင်း
  - မူးယစ်ဆေးဝါးများ၊ အရက်နှင့် လူကုန်ကူးခြင်းတို့၏ အန္တရာယ်များ
  - လုံခြုံစွာ ရွှေ့ပြောင်းသွားလာရေးအတွက် အစီအစဉ် ရေးဆွဲခြင်း
- ဤအဖွဲ့တွင် သင့်ကလေး ပူးပေါင်းပါဝင်မှုသည် ကိုယ့်သဘောဆန္ဒအလျောက် ဖြစ်သည်။
  မည်သည့် အချိန်တွင်မဆို သင်သည် သင့်ကလေးကို ထုတ်ပါယ်နိုင်သည်။
- အဖွဲ့အစည်းအဝေးများအတွင်း သင့်ကလေးသည် သူ သို့မဟုတ် သူမ ဖြေဖို့ရန် ဆန္ဒရှိသည့် မေးခွန်းများကိုသာ ဖြေဆိုရန်အတွက် ရွေးချယ်နိုင်သည်။ အကယ်၍ သင့်ကလေးသည် စကားမပြောလိုလျှင် သင့်ကလေးသည် မပြောဘဲနေနိုင်သည်။
- သင့်ကလေးသည် ဤအဖွဲ့၏ လူထုအတွင်း လုပ်ဆောင်ရသည့်ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန် မလိုအပ်ပေ။ ထိုအချိန်မျိုးတွင် သင်သည် သင့်ကလေးကို ထုတ်ပယ်ဖို့ ရွေးချယ်နိုင်သည်။
- အကယ်၍ သင့်ကလေးသည် လူထုအတွင်း လုပ်ဆောင်ရသည့် ကိစ္စရပ်များ ပါဝင်ဖို့ ဆုံးဖြတ်ထားလျှင် သင့်ကလေးသည်နောက်ကွယ်မှ ကူညီတာမျိုးကိုသာ ရွေးချယ်နိုင်ပြီး မည်သည့် လူထုကြားကိစ္စရပ်များတွင် မပါဝင်ပဲ နေနိုင်သည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အစည်းအဝေးများ မလုပ်ဆောင်မီ ဤအခန်းကိုဖတ်ရှုပြီး လက်မှတ်ရေးထိုးပါ။

ကျွန်ုပ်သည်ဖတ်ရှုပြီး၍အချက်အလက်များနှင့်ခွင့်ပြုချက်ပုံစံကိုနားလည်ပါသည်။
ကျွန်ုပ်ကလေးသည် အဖွဲ့ထဲတွင်ပါဝင်နိုင်သည်။ ကျွန်ုပ်သည် ကျွန်ုပ်ကလေးကို မည်သည့် အချိန်တွင်မဆို ထုတ်ပယ်နိုင်ကြောင်း ကျွန်ုပ်နားလည် သဘောပေါက်ပါသည်။

**လက်ခံပါသည်။** **လက်မခံပါ။**

| | |
|---|---|
| ရက်စွဲ | ---------------------------------------------------------------- |
| လက်မှတ် | ---------------------------------------------------------------- |
| ကလေး၏အမည် | ---------------------------------------------------------------- |
| ကလေး၏လက်မှတ် | ---------------------------------------------------------------- |

# ဦးဆောင်သူကိုအသုံးပြုခြင်း မိမိဘာသာစောင့်ကြည့်ခြင်းပုံစံများ

**အဖွဲ့သည် အခန်းတစ်ခုစီ ပြီးဆုံးပြီး နောက်အခန်းကို အကဲဖြတ်ရန် ဤပုံစံကိုဖြည့်ပါ။ ဤပုံစံသည် လုပ်ဆောင်ရန်စာရင်း တစ်ခုအနေဖြင့် ပုံစံထုတ်ထားခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ၎င်းကို လွယ်ကူစွာ ဖြည့်သွင်းနိုင်သည်။**

ဤအရာကို လူကြီးဦးဆောင်သူကသာ ဖြည့်သွင်းပါ။ ဤပုံစံသည် နည်းအမျိုးမျိုးဖြင့် ကူညီပေးနိုင်သည်။

- ၎င်းသည် ဦးဆောင်သူများကို ၎င်းတို့အဖွဲ့အစည်းအဝေးတွင် မည်သည့်အရာများ လေ့လာသင်ယူခဲ့ကြသည်ကို မှတ်မိရန်ကူညီဖို့ကိရိယာတစ်ခု အနေဖြင့်လုပ်ဆောင်နိုင်သည်။
- ၎င်းသည် နောက်ပိုင်းအခန်းများတွင် တိုးတက်စေရန် ဦးဆောင်သူကို ကူညီပေးနိုင်သည်။
- ၎င်းသည် သတ်မှတ်ထားသောအရေးကိစ္စရပ်များကို သူ သို့မဟုတ် သူမ၏ ကြီးကြပ်သူနှင့်ဆွေးနွေးရန် ဦးဆောင်သူကိုကူညီပေးနိုင်သည်။

ဦးဆောင်သူများသည် ပုံစံများကို ဖြည့်သွင်းရာတွင် ရိုးသားမှု ရှိသင့်သည်။ ဤအရာများသည် စစ်ဆေးမှုများ မဟုတ်ပေ။ ပုံစံသည် ဦးဆောင်သူ၏ အမည် သို့မဟုတ် အဖွဲ့ကို မေးမြန်းမည်မဟုတ်ပေ။ ဤသည်မှာ အကယ်၍ World Vision သည်နောက်ပိုင်းတွင် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့၏ အကဲဖြတ်ခြင်း အနေဖြင့် ပုံစံများကို အသုံးပြုလျှင် World Vision သည် မည်သည့် ဦးဆောင်သူသည် ပုံစံတွင်ဖြည့်ထားသည် သို့မဟုတ် မည်သည့်အဖွဲ့မှ လာသည်ဆိုတာကို သတ်မှတ်ရန် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ဟု ဆိုလိုသည်။ ကျွန်ုပ်တို့သည် ယင်းကိစ္စရပ်တွင် ပါဝင်သူများကို ရိုးသားမှုရှိစေရန်အတွက် ဆောင်ရွက်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့နှင့်ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ တိုးတက်လာစေရန် ကျွန်ုပ်တို့ကို ခွင့်ပြုပေးလိမ့်မည်။

# ဦးဆောင်သူ
# မိမိဘာသာစောင့်ကြည့်ခြင်းပုံစံ

**အခန်းတစ်ခုပြီးဆုံးချိန်တိုင်းတွင်ဤပုံစံကိုဖြည့်သွင်းပါ။**
**ထိုအတွက်အချိန်(၅)မိနစ်လောက်ယူသင့်သည်။**

| | | |
|---|---|---|
| ဤအခန်းတွင် ပါဝင်သူများ မည်မျှလောက်တက်ရောက်ကြသနည်း။ ယောကျ်ားလေးများ _______ မိန်းကလေးများ _______ | | |
| အကယ်၍ ပါဝင်သူများစွာ ပျက်ကွက်ခဲ့ပါက သင်သည် အဘယ်ကြောင့်ဆိုသည်ကို သိပါသလား။<br>ဤအရာကိုရင်ဆိုင်ရန် သင်မည်သည်ကို ပြုလုပ်နိုင်သနည်း။ | ☐ သိ | ☐ မသိ |
| သင်သည် အခန်းထဲတွင်ပါဝင်သည့်အရာအားလုံးကို ခြုံငုံမိပါသလား။<br>အကယ်၍ မခြုံငုံမိပါက အဘယ့်ကြောင့် ဆိုသည်ကို ရှင်းပြပါ။ | ☐ ဟုတ် | ☐ မဟုတ် |
| သင်သည် အချိန်မှန်ပြီးလေ့ ရှိပါသလား။<br>အကယ်၍ မပြီးပါက အဘယ့်ကြောင့်ဆိုသည်ကို ရှင်းပြပါ။ | ☐ ပြီး | ☐ မပြီး |
| သင်သည် သင်ရိုးညွှန်းတမ်းထဲမှ ညွှန်ကြားချက်များကို လိုက်နာခဲ့ပါသလား။<br>အကယ်၍ မလိုက်နာပါက အဘယ့်ကြောင့် ဆိုသည်ကို ရှင်းပြပါ။ | ☐ ဟုတ် | ☐ မဟုတ် |
| သင်သည် အင်တိုက်အားတိုက် စကားပြောဆိုခဲ့ပါသလား။ | ☐ ဟုတ် | ☐ မဟုတ် |
| သင်သည် သင်စကားပြောရာတွင် အသုံးပြုသည့်အချိန်ကို ကန့်သတ်ခဲ့ပါသလား၊ | ☐ ဟုတ် | ☐ မဟုတ် |
| လုပ်ဆောင်မှုများတွင် အားလုံးသောလူငယ်များ ပါဝင်ဆောင်ရွက်ခဲ့ကြပါသလား။ | ☐ ဟုတ် | ☐ မဟုတ် |
| လူငယ်များသည် အကြံဉာဏ်များကို ကမ်းလှမ်းရန်အတွက် မိမိကိုယ်ကို ယုံကြည်လွန်းသော ပြောဆိုဆက်ဆံမှုများ အသုံးပြုခဲ့ကြပါသလား။ | ☐ ဟုတ် | ☐ မဟုတ် |
| စာမဖတ်တက်သောလူငယ်များသည် ပါဝင်ဆောင်ရွက် နိုင်ခဲ့ကြပါသလား။ | ☐ ဟုတ် | ☐ မဟုတ် |
| လူငယ်များသည် မသန်စွမ်းသူများ(အကယ်၍သက်ဆိုင်ပါက) နှင့်ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ပါလား။<br>မည်ကဲ့သို့နည်း။<br><br>အကယ်၍ မလုပ်ဆောင်နိုင်ခဲ့ပါက အဘယ့်ကြောင့်ဆိုသည်ကို ကျေးဇူးပြု၍ ရှင်းပြပါ။ | ☐ နိုင် | ☐ မနိုင် |

| | | |
|---|---|---|
| လူငယ်ဦးဆောင်သူများသည် လုပ်ဆောင်ရမည့် အချက်များကို ဦးဆောင်ခဲ့ ပါသလား။<br>အကယ်၍ မရှိခဲ့ပါက အဘယ်ကြောင့်ဆိုသည်ကို ကျေးဇူးပြု၍ ရှင်းပြပါ။ | ☐ ရှိ | ☐ မရှိ |
| လုပ်ဆောင်မှုများသည် စီစဉ်ထားသည့်အတိုင်း လုပ်ဖြစ်ခဲ့ပါသလား။<br>အကယ်၍ မဟုတ်ပါက အဘယ်ကြောင့်ဆိုသည်ကို ကျေးဇူးပြု၍ ရှင်းပြပါ။ | ☐ ဖြစ် | ☐ မဖြစ် |
| ပါဝင်သူများသည် ခေါင်းစဉ်များကို နားလည်ပုံပေါ်ပါသလား။ အကယ်၍ နားလည်ပုံ မပေါ်ပါက<br>အဘယ့်ကြောင့်ဆိုသည်ကို ကျေးဇူးပြု၍ ရှင်းပြပါ။ | ☐ ပေါ် | ☐ မပေါ် |
| သင်သည် သင်ခန်းရှိ အခန်းကို သင်နေစဉ်တွင် ပြဿနာတစ်စုံတစ်ရာနှင့် ကြုံတွေ့ခဲ့ရပါသလား။<br>ထိုသို့ကြုံတွေ့ခဲ့ရပါက ကျေးဇူးပြု၍ ဖော်ပြပေးပါ။ | ☐ တွေ့ | ☐ မတွေ့ |
| အခြားသော သင်မှတ်ချက်ပြုချင်သည့်အရာ ရှိပါသလား။ | ☐ ရှိ | ☐ မရှိ |
| နောက်သင်ခန်းစာရှိ အခန်းကို ကွဲပြားစွာပြုလုပ်ဖို့ သင်စီစဉ်ထားသည့်တစ်စုံတစ်ရာ ရှိပါသလား။ | ☐ ရှိ | ☐ မရှိ |

# အသင်းတည်ဆောက်ခြင်း-သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်များ
# ဤလုပ်ဆောင်ချက်များကိုအခန်းများ စတင်ချိန်တွင်အသုံးပြုရန် ရည်ရွယ်ထားသည်။

**ဤလုပ်ဆောင်ချက်များကို သင်ရိုးညွှန်းတမ်း၏ သင်တန်းများတွင်အကြိမ်မြောက်မြားစွာ အသုံးပြုရနိုင်သည်။**

## သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက် ၁။ မျဉ်းတစ်ကြောင်းပြုလုပ်ပါ။

### ရည်ရွယ်ချက်

ပါဝင်သူများကို ဆက်နွယ်ပတ်သက်မှုများ တည်ထောင်ရာတွင် ကူညီရန်၊ ပျော်ရွှင်စေရန်နှင့် သွေးပူစေရန်

### အချိန်

၅-၁၀မိနစ်

အထောက်အပံ့ပစ္စည်းများ

(မရှိပါ)

### လုပ်ဆောင်ချက်

၁။ ပါဝင်သူများကို လူ(၅)ယောက် သို့မဟုတ် (၆)ယောက်ပါသောအဖွဲ့များအဖြစ် ခွဲလိုက်ပါ။

၂။ အဖွဲ့တစ်ခုစီကို အောက်ဖော်ပြပါ အကြောင်းအရာများမှ တစ်ခုအပေါ်အခြေပြု၍ ၎င်းတို့၏အဖွဲ့ဝင်များကို စီစဉ်ဖို့ ပြောကြားပါ
- အရပ်အမြင့် ( အနိမ့်ဆုံးမှအမြင့်ဆုံးသို့)
- အသက် ( အကြီးဆုံးမှအငယ်ဆုံးသို့)
- ခြေထောက်အရွယ်အစား
- အဖွဲ့သို့လာရသည့် ခရီးအကွာအဝေး
- မောင်နှမအရေအတွက်

၃။ အထက်ပါ ညွှန်ကြားချက်ကို ကြားရသည့်အပေါ်၊ အဖွဲ့ဝင်များသည် အုပ်စုအလိုက် သူတို့ဘာသာ စီစဉ်ပြီးထိုင်ပါ။

၄။ ပိုမိုစိန်ခေါ်မှုရှိစေရန်၊ ပါဝင်သူများကို တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ လုပ်ငန်းကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့ ပြောဆိုပါ။

၅။ အစီအစဉ်များကိုစစ်ဆေးပါ။

၆။ မှန်ကန်သောအစီအစဉ်ဖြင့် ပထမဆုံးပြီးသောအဖွဲ့သည် အမှတ်တစ်မှတ် ရရှိမည်ဖြစ်သည်။

၇။ အဖွဲ့သည် ကစားပွဲကို သင်ယူပြီးသည့်အချိန်တွင် ပါဝင်သူများသည် အခြားသောကစားနည်းများဖြင့် ထပ်မံကစားစေနိုင်သည်။

# သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်
# ၂။ဘောလုံးကစားနည်း

## ရည်ရွယ်ချက်

ပါဝင်သူများ တစ်ယောက်ကိုတစ်ယောက် သိဖို့ကူညီရန်၊ ဆက်နွယ်ပတ်သက်မှုများ တည်ဆောက်ရန်၊ ပျော်ရွှင်စေရန်နှင့်သွေးပူစေရန်

## အချိန်

၅-၁၀မိနစ်

**အထောက်အပံ့ပစ္စည်းများ**

- ဘောလုံး

## လုပ်ဆောင်ချက်

၁။ စက်ဝိုင်းပုံ တစ်ခုပြုလုပ်ပါ။

၂။ သင့်လက်ထဲတွင် ဘောလုံးကို ကိုင်ထားပါ။

၃။ ဘောလုံးကိုင်ထားစဉ်တွင် သင့်အမည်ကို ပြောကြားပါ။ ပြီးနောက် ဘောလုံးကို အခြားပါဝင်သူ တစ်ယောက်ဆီသို့ပစ်လိုက်ပြီး နောက်တစ်ကြိမ် ထပ်မံပြောဆိုပါ။

၄။ အဖွဲ့ထဲရှိလူတိုင်း သူ သို့မဟုတ် သူမအမည်ကို တစ်ကြိမ်စီပြောပြီးသည့်တိုင်အောင် ဆက်လက် လုပ်ဆောင်ပါ။

၅။ နောက်တစ်ကြိမ် လုပ်ဆောင်ချက်ကို ထပ်မံ လုပ်ဆောင်ပါ။ သို့သော် ဘောလုံး ကိုင်ထားသော လူသည် သူ သို့မဟုတ် သူမအမည်ကို ပြောရမည် ဖြစ်ပြီး ထို့နောက် ပစ်လိုက်သော အချိန်တွင် ဘောလုံးရောက်သွားမည့် လူ၏အမည်ကိုပြောရမည်ဖြစ်သည်။ အဖွဲ့ထဲရှိ လူတိုင်းတစ်ကြိမ်တစ်လှည့်စီ လုပ်ဆောင်ပြီးသည်အထိ ထပ်မံ လုပ်ဆောင်ပါ။

၆။ အကယ်၍ အချိန်ရှိပါက ပါဝင်သူများသည် သူတို့ကိုယ်ပိုင်အမည်နှင့် အခြားသူတို့ ကြိုက်နှစ်သက်သည်တို့ကို ပြောဆိုနိုင်သည်။ ဤကစားနည်းကို အုပ်စုများအရ ကစားနိုင်သည် (သင့်ရဲ့အကြိုက် နှစ်သက်ဆုံး အသီးအနှံ၊ ဘောလုံးကစားနည်း၊ သီချင်းစသ ဖြင့်ပြောဆိုပါ)။

# သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်
# ၃။ သင်မသိနိုင်သည့်အရာတစ်ခု

## ရည်ရွယ်ချက်

ပါဝင်သူများတစ်ယောက်ကိုတစ်ယောက်သိဖို့ကူညီရန်၊ ဆက်နွယ်ပတ်သက်မှုများတည်ဆောက်ရန်၊ ပျော်ရွှင်စေရန်နှင့်သွေးပူစေရန်

## အချိန်

၅-၁၀မိနစ်

**အထောက်အပံ့ပစ္စည်းများ**

မပါဝင်ပါ

## လုပ်ဆောင်ချက်

၁။မျဉ်းကြောင်းတစ်ခုပေါ်တွင်ရပ်နေရန်ပါဝင်သူများကိုပြောကြားပါ။

၂။ ပါဝင်သူ တယောက်ကို အခန်း၏ အခြားတစ်ခြမ်းကို ကျော်လွန်သည်အထိ လမ်းလျှောက်သွားဖို့ ပြောကြားပြီးနောက် အခြား လူများ မသိနိုင်သော သူ သို့မဟုတ် သူမတို့ကိုယ်တိုင် အကြောင်း တစ်စုံ တစ်ခုကို ဥပမာပေးပါ။

ဥပမာအားဖြင့်

- ကျွန်တော်သည် ရန်ကုန်မြို့တော်ဆီသို့ တစ်ကြိမ်တစ်ခေါက် အလည်ရောက်ခဲ့ဖူးသည်။
- ကျွန်တော်ရေခဲမုန့်ကြိုက်သည်။
- ကျွန်တော်နားတွေကိုကျွန်တော်လှုပ်လို့ရတယ်။
- ကျွန်တော်ဘောလုံးဂိုးဖမ်း ပါတယ်။

၃။ အလားတူကိစ္စမျိုးကိုပြုလုပ်ဖူးသောအခြားသူများသည်ပထမလူနှင့်ပြေးပေါင်းရမည်။

၄။ အဲ့ဒီနောက်တွင်သူတို့အားလုံးမူလစည်းမျဉ်းပေါ် သို့ပြန်သွားရမည်။

၅။ ခွင့်ပြုထားသည့်အချိန်အတွင်းသင်ပြုလုပ်ချင်သလောက်အကြိမ်များများပြန်လည်ပြုလုပ်နိုင်သည်။

# သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်
# ၄။ မှတ်ဉာဏ်ဘောလုံးကစားနည်း

## ရည်ရွယ်ချက်

ပါဝင်သူများ တစ်ယောက်ကိုတစ်ယောက် သိဖို့ကူညီရန်၊ ဆက်နွယ်ပတ်သက်မှုများ တည်ဆောက်ရန်၊ ပျော်ရွှင်စေရန်နှင့်သွေးပူစေရန် ဤကစားနည်းကို ယခင်က ဆွေးနွေးခဲ့သော ခေါင်းစဉ်များကို ပြန်လည်မှတ်မိရန်နှင့် ပြန်လည် ဆန်းစစ်နိုင်ရန် အတွက်လည်း အသုံးပြုသည်။

## အချိန်

၅-၁၀ မိနစ်

## အထောက်အပံ့ပစ္စည်းများ

- ဘောလုံး

## လုပ်ဆောင်ချက်

၁။ အဖွဲ့ကို လူလေးဦးပါသောအဖွဲ့များအဖြစ် ခွဲလိုက်ပါ။

၂။ အဖွဲ့တစ်ခုလုံးသည် စက်ဝိုင်းပုံရပ်နေပါ၊ အဖွဲ့ငယ်များ၏အဖွဲ့ဝင်များသည် တစ်ယောက်နှင့်တစ်ယောက် ပိုမိုနီးကပ်စွာ ရပ်နေကြပါ။

၃။ ဘောလုံးကို အဖွဲ့ငယ် တစ်ဖွဲ့ဆီသို့ပစ်ပေးပါ။ ထိုအဖွဲ့ကို သွေးပူလှုပ်ရှားမှုလုပ်ဆောင်ချက်(၅)ရှိစာရင်းထဲမှ မေးခွန်း တစ်ခုမေးမြန်းပါ။ အဖြေမှန်ကို ဆုံးဖြတ်နိုင်ရန် အဖွဲ့ထဲရှိ လူလေးဦးသည် တိုင်ပင်ဆွေးနွေးကြပါ။

၄။ အကယ်၍ ထိုအဖွဲ့သည် အဖြေမှန်ရရှိပါက အမှတ်တစ်မှတ် ရရှိမည်ဖြစ်သည်။ အကယ်၍ အဖြေမှန်မရပါက၊ ဘောလုံးကိုအခြား တစ်ဖွဲ့ဆီသို့ ပစ်ပေးလိုက်ပြီး မေးခွန်းကို ဖြေဆိုရန် အခွင့်အရေးပေးလိုက်ပါ။

၅။ မေးခွန်းအားလုံး ဖြေဆိုပြီးသည်အထိ ဤနည်းလမ်းကို ဆက်လက်လုပ်ဆောင်ပါ။

# သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်
# ၅။ ဉာဏ်စမ်းကစားနည်း

## ရည်ရွယ်ချက်
ပါဝင်သူများကို အဖွဲ့တွင် သင်ကြားပြီးခဲ့သည့် သင်ခန်းစာများကို ပျော်ရွှင်စွာဖြင့်မှတ်မိစေရန်

## အချိန်
၅-၁၀မိနစ်

**အထောက်အပံ့ပစ္စည်းများ**
- ဉာဏ်စမ်းမေးခွန်းများ
- ဆုငယ်များ

ကစားနည်းသည် ဉာဏ်စမ်းထဲတွင် ပါဝင်သောမေးခွန်းတိုင်းကို မြိုင်မိရန် မလိုအပ်ပေ။ သင်အချိန်ရှိသလောက်မေးခွန်းများကိုမေးနိုင်သည်။

စာရင်းပြုစုထားသော မေးခွန်းပေါင်းများစွာ ဤနေရာတွင်ရှိနေသည် ထို့ကြောင့်သင်သည်

မတူညီသော မေးခွန်းများကို မေးခြင်းဖြင့် ကစားနည်းကို အကြိမ်ပေါင်းများစွာ ကစားနိုင်သည်။

မေးခွန်းများသည် နံပါတ်တပ်ထားပြီး အဖြေများကို အစက်ချထားကာ စာလုံးစောင်းဖြင့် ရေးသားထားသည်။ ဤနေရာတွင် သက်ဆိုင်ရာအခန်းကို သင်ဖတ်ပြီးမှ ရှင်းလင်းနိုင်မည့်မေးခွန်းနှင့် အဖြေများပါရှိသည်။

သို့သော် သင်ရိုးညွှန်းတမ်း တစ်ခုလုံးကို သင်ဖတ်ပြီးသွားလျှင် ဤကိစ္စများသည်ရှင်းလင်းသွားသင့်သည်။ ထို့ကြောင့် သင်ဦးဆောင်ခဲ့ဖူးပြီးသည့် အခန်းနှင့်သက်ဆိုင်သည့်မေးခွန်းများကိုသာ မေးသင့်သည် (အခန်းနံပါတ်များကို မေးခွန်းတစ်ခုပြီးဆုံးတိုင်းတွင်ထည့်သွင်းပေးထားသည်)။

အကယ်၍ အဖွဲ့တစ်ဖွဲ့သည် အဖြေမှားပေးခဲ့လျှင်၊ ကူညီပေးပါ။ ပါဝင်သူများကို မလှောင်ပါနှင့်။ ဤအရာသည် စာသင်ကျောင်းရှိ ဉာဏ်စမ်း မေးခွန်းမျိုးမဟုတ်ပေ။ ၎င်းကို အပျော်သက်သက်သာ ရည်ရွယ်သည်။မှန်ကန်သောအဖြေများအတွက်ဆုအသေးလေးတစ်ခုပေးပါ။

## ဉာဏ်စမ်းမေးခွန်းများ

### ၁။ လူကုန်ကူးခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။(အခန်း၃မှ)
- ***လူကုန်ကူးခြင်းဆိုသည်မှာ*** *ထွက်ခွာရန် အလွန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားသည့် ခေါင်းပုံဖြတ် ခံရသည့်အလုပ်လုပ်ကိုင်ရန်အတွက် လိမ်လည် လှည့်ဖျားခံရခြင်း(သို့) တွန်းအားပေးခိုင်းစေခံရခြင်းကိုဆိုလိုသည်။လူကုန်ကူးခြင်းတွင်လူကုန်ကူးခံရသူများအား ခေါင်းပုံဖြတ်ရန်အတွက် တစ်နေရာမှအခြားတစ်နေရာသို့ တွန်းအားပေးခေါ်ဆောင်ခြင်းများပါဝင်သည်။သို့သော် ရွှေ့ပြောင်းခြင်း မရှိပဲနှင့်လည်း လူကုန်ကူးခံရနိုင်သည်။*

### ၂။ လူကုန်ကူးခြင်းနှင့်လူမှောင်ခိုပြုလုပ်ခြင်းတို့ကြားကွာခြားချက်မှာအဘယ်နည်း။(အခန်း၃မှ)
- *လူကုန်ကူးခြင်းသည်လူမှောင်ခိုခြင်းနှင့်ကွဲပြားသည်။လူများမှောင်ခိုမှုသည်နယ်စပ်မျဉ်းကို ဖြတ်ကျော်ပြီးသူတို့ကိုခေါ်ဆောင်သွားရန်အတွက် တစ်စုံတစ်ယောက်ကို ငွေပေးချေရသည်။ မှောင်ခို ခံရသူများသည်ပြောင်းရွှေ့ရန်အတွက် ပေးချေရသော်လည်းခရီးစဉ်တစ်ခု ပြီးဆုံးသွားလျှင် အကြွေးများတင်ကျန်ရစ်နိုင်သည်၊ သူတို့သည်သာမာန်အားဖြင့် ခရီးဆုံးသို့ ရောက်လျှင် လွတ်လပ်စွာသွားလာနိုင်သည်။ လူကုန်ကူး ခံရသူများသည် လွတ်လပ်စွာ မသွားလာနိုင်ပေ။ လူတွေသည်လူမှောင်ခိုခံရဖို့ ရွေးချယ်ကြသည်။ သူတို့သည် လူကုန်ကူးခံရဖို့ မရွေးချယ်ကြပေ။*

### ၃။ လူကုန်ကူးခြင်းသည်မည်သည့်နေရာတွင်ဖြစ်သနည်း။ ( အခန်း၄မှ)
- *လူကုန်ကူးခြင်းသည် နေရာတိုင်းတွင်ဖြစ်နိုင်သည်- အိမ်မှာ၊ ခရီးသွားလာစဉ် သို့မဟုတ် ခရီးအဆုံးမှာ။ လူတစ်ယောက်သည် လူကုန်ကူးခံရဖို့ ပြောင်းရွှေ့ခြင်းခံစရာ မလိုပေ။*

## ၄။ လူကုန်ကူးသူတို့၏ပြုလုပ်လေ့ရှိသည့် အချို့သောလိမ်လည်မှုများမှာအဘယ်နည်း။(အခန်း၉မှ)

- လူကုန်ကူးသူသည် တရားဝင်ပွဲစားအနေဖြင့် ဟန်ဆောင်သည်။
- လူကုန်ကူးသူသည် သူငယ်ချင်းအဖြစ် သို့မဟုတ် ကူညီသူအနေဖြင့် ဟန်ဆောင်တတ်ကြသည်။
- လူကုန်ကူးသူသည် လစာကောင်းသောအလုပ်တစ်ခုခုကို ကမ်းလှမ်းတတ်ကြသည်။ မကြာခဏအားဖြင့် လစာများသည် ပုံမှန်ထက် မြင့်မား နေတတ်ကြသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူများကို စရံပေးလေ့ရှိတတ်သည်။ ရွှေ့ပြောင်းသွားလာသူများ၏ခရီးစားရိတ်ကိုပေးချေတတ်သည်။ သို့မဟုတ် အလုပ်ထဲတွင် သူတို့နေထိုင်ဖို့ ကျိန်းသေစေရန်ရွှေ့ပြောင်းသွားလာသူများကို ချေးငွေများ ချေးလေ့ရှိသည်။ လူကုန်ကူးသူသည် ဒဏ္ဍသည်များကို လူကုန်ကူးသူထံတွင် ပိုက်ဆံကြွေးတင်နေစေရန် ပြုလုပ်ကြသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူများ၏ကိုယ်ရေးအထောက်အထားများ၊ များသောအားဖြင့် နိုင်ငံကူးလက်မှတ်များကို ယူထားကြသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူများ ရည်မှန်းထားသောအလုပ်နေရာရရှိရန် လိမ်လေ့ရှိသည်။

## ၅။ လူတွေကို နာကျင်စေသောမူးယစ်ဆေးဝါး၏နည်းလမ်းအချို့မှာ အဘယ်နည်း။ (အခန်း၆မှ)

- ၎င်းတို့သည် ခန္ဓာကိုယ်ကိုနစ်ရှည်လများထိခိုက်စေနိုင်သည်- နှလုံး၊အဆုတ်များ၊အသည်းနှင့်ကျောက်ကပ်များထိခိုက်ခြင်း။
- လူတွေသည် မှားယွင်း၍မူးယစ်ဆေးတစ်ခုကိုအလွန်အကျွံ(ဆေးလွန်ခြင်း) သုံးစွဲပြီးရလဒ်တွင် သေဆုံးသွားကြသည်။
- လူတွေသည် သူတို့မူးယစ်ဆေးထိုးသွင်းဖို့ အပ်တွေကို မျှဝေသုံးသောအခါ HIV ပိုးနှင့် အခြားသော ရောဂါများကိုပါ ရရှိသွားစေသည်။
- မူးယစ်ဆေးဝါးများသည်ပုံမှန်အားဖြင့်လူတို့မလုပ်ရဲသည့်အန္တရာယ်ဖြစ်နိုင်ချေများကိုလူတို့ကိုကြုံတွေ့စေနိုင်သည်။

## ၆။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူညီမှုစာချုပ် (CRC) တွင်အခွင့်အရေး၄ခုမှာ အဘယ်နည်း။ (အခန်း၁၀မှ )

- အသက်ရှင်နေထိုင်မှု ဆိုင်ရာ အခွင့်အရေးများ
- ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာအခွင့်အရေးများ
- ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများ
- ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာအခွင့်အရေးများ

## ၇။ မိမိကိုယ်ကို ယုံကြည်လွန်းသောပေါင်းသင်းဆက်ဆံရေးအတွက် ဥပမာတစ်ခုမှာ မည်သည့်အရာနည်း။ (အခန်း၁၃မှ )

- ဥပမာတစ်ခုမှာ 'ရပါတယ်၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်အပြင်မသွားပဲ အိမ်မှာနေတာပဲ ပိုကောင်းပါတယ်'ဟူ၍ပြောခြင်းဖြစ်သည်။ သို့သော် ပါဝင်သူများသည် အခြားသော ဥပမာများကို စဉ်းစားကြလို့မ်မည်ဖြစ်ပြီး ၎င်းတို့ မှန်ကန်သလားဆိုတာကို သင်ကဆုံးဖြတ်ရမည်။

## ၈။ အလျှော့ပေးပေါင်းသင်းသော လူမှုဆက်ဆံရေးအတွက် ဥပမာတစ်ခုမှာ အဘယ်နည်း။ (အခန်း၁၃မှ)

- ဥပမာတစ်ခုမှာ ' ကောင်းပါပြီ၊ တကယ်လို့ သင်ဟာ ကျွန်တော့်သူငယ်ချင်းဖြစ်မယ်ဆိုရင် ကျွန်တော်က သင်ပြောတဲ့အတိုင်း လိုက်လုပ်ပါ့မယ်' ဟု ပြောခြင်းမျိုးဖြစ်သည်။ သို့သော် ပါဝင်သူများသည် အခြားသောဥပမာများကို စဉ်းစားကြလို့မ်မည်ဖြစ်ပြီး ၎င်းတို့ မှန်ကန်သလားဆိုတာကို သင်ကဆုံးဖြတ်ရမည်။

## ၉။ ရန်မူသောပေါင်းသင်းဆက်ဆံရေး၏ ဥပမာတစ်ခုမှာအဘယ်နည်း။ (အခန်း၁၃မှ)

- ဥပမာတစ်ခုမှာ ' ပါးစပ်ပိတ်ထားစမ်း၊ ငါမင်းကိုမုန်းတယ်' ဆိုတာကဲ့သို့ ပြောဆိုခြင်းမျိုးဖြစ်သည်။ ပါဝင်သူများသည် အခြား စဉ်းစားကြလို့မ်မည်ဖြစ်ပြီး ၎င်းတို့ မှန်ကန်သလားဆိုတာကို သင်ကဆုံးဖြတ်ရမည်။

## ၁၀။သင်ကောင်းမွန်စွာ နားထောင်နေသောအခါ သင်ပြုလုပ်သောကိစ္စတစ်ခုမှာ အဘယ်နည်း။ (အခန်း၁၄မှ)

- ပြောကြားနေသောလူပုဂ္ဂိုလ်အကြောင်းကို စဉ်းစားနေသည်။
- သင်နားမလည်သောအကြောင်းအရာများအကြောင်းကို မေးခွန်းမေးမြန်းသည်။
- သင့်အားပြောသည့်စကားကို သင့်စကားဖြင့် ထပ်ကာထပ်ကာ ပြန်ပြောကြားသည်။
- ပိုမိုပြည့်စုံစွာ သင်သိလိုသောကိစ္စရပ်များအကြောင်းကို စဉ်းစားပြီး ထိုသို့သိစေရန်အတွက် မေးခွန်းများကို မေးမြန်းသည်။

## ၁၁။ အနုတ်သဘောဆောင်သော တွေးတောစဉ်းစားမှုပုံစံ၏ ဥပမာတစ်ခုကို သင်ပေးနိုင်မလား။ (အခန်း၁၅မှ)

- အလွန်အကျူး စဉ်းစားခြင်း။
- သင့်ကိုယ်သင် အပြစ်တင်ခြင်း
- အဆိုးတစ်ဖက်တည်းကိုသာ မြင်ခြင်း
- မကောင်းသော အနာဂါတ်တစ်ခု ဟောကိန်း ထုတ်ခြင်း။

## ၁၂။ အနုတ်သဘောဆောင်သော စိတ်လှုပ်ရှားမှုများနှင့်ပါတ်သက်ခြင်းအတွက်အဆင့်သုံးဆင့်ကို သင်မှတ်မိပါသလား။ (အခန်း၁၆မှ)

- သင်မည်သို့ ခံစားရသည်ကို မှတ်သားထားပါ။
- သင်ထိုကဲ့သို့ ခံစားရသည်မှာ အဘယ်ကြောင့်ဆိုသည်ကို နားလည်ပါ။
- အခြားလူများကို မထိခိုက်စေပဲ သင့်ကိုပိုမိုကောင်းမွန်စွာ ခံစားမိစေမည့် လုပ်ဆောင်ချက် တစ်ခုခုကို ရွေးချယ်ပါ။

## ၁၃။ ဆုံးဖြတ်ချက်ချခြင်းပုံစံ၏အဆင့်များကို သင်ဖော်ပြနိုင်ပါသလား။ (အခန်း၁၉မှ)

- အဆင့်၁၊ သင့်ဆုံးဖြတ်ချက်ကို မေးခွန်းတစ်ခုအနေဖြင့် ဖော်ပြပါ။
- အဆင့်၂၊ ပိုမိုလေ့လာ သင်ယူပါ။
- အဆင့်၃၊ အခြားနည်းလမ်းများကို ပြုစုပါ။
- အဆင့်၄၊ အန္တရာယ်ဖြစ်နိုင်ချေများနှင့် အကျိုးကျေးဇူးများကို သုံးသပ်ပါ။
- အဆင့်၅၊ သင့်ဆုံးဖြတ်ချက်ချပါ။

## ၁၄။ ခရီးတစ်ခုတွင် သင်လုံခြုံစွာနေထိုင်နိုင်မည့် အချို့သောအရာတွေမှာ အဘယ်နည်း။ (အခန်း၂၃မှ)

- သင်မသွားခင် သင်၏ပြုစုထားသောစာရင်းကို ဖြည့်ပါ။
- သင်မသွားမီ နိုင်ငံကူးလက်မှတ် သို့မဟုတ် အလုပ်လုပ်ကိုင် ခွင့်ကဲ့သို့သော တရားဝင် ခရီးသွားလာခွင့် အထောက်အထားများကိုရ ရှိဖို့ကြိုးစားပါ။
- သင့်မိသားစုနှင့်အတူ သင်၏ အထောက်အထားများ၏ မိတ္တူများကို ချန်ထားရစ်ပါ။ အကယ်၍ သင်ဒုက္ခရောက်ခဲ့လျှင် သို့မဟုတ် သင်၏ အထောက်အထားများ ပျောက်ဆုံးခဲ့လျှင် ၎င်းက သူတို့ သင့်ကိုကူညီဖို့ရာ အထောက်အကူပြုလိမ့်မည်။
- ခရီးစဉ်အတွက်ပေးချေရန်၊ အလုပ်မရခင် ခဏတာနေထိုင်ရန်နှင့် အိမ်သို့ပြန်ရန်အတွက် လုံလောက်သောပိုက်ဆံဖြင့် ခရီးသွားပါ။
- သင့်ရဲ့မှတ်စုစာအုပ်၊ မှတ်ပုံတင်၊ ထောက်ခံချက်များနှင့် သင့်ပိုက်ဆံများကို လုံခြုံသောနေရာတွင်ဖွက်၍သိမ်းဆည်းထားပါ။
- သင်ကဲ့သို့သော ရွှေ့ပြောင်းသွားလာသူများနှင့် အဖွဲ့တစ်ခုတည်းတွင် ခရီးသွားပါ (လူအများအားတစ်ကြိမ်တည်းတွင်လှည့်ဖြားဖို့ခဲယဉ်းသည်၊ ပြီးတော့ အဖွဲ့တစ်ခုတည်းတွင် ရှိနေခြင်းသည် သင်အကူအညီတောင်းဖို့ သင့်တွင် သူငယ်ချင်းများ ရှိသည်ဟု အဓိပ္ပာယ်ရသည်)။
- သင့်ရဲ့ရွှေ့ပြောင်းသွားလာသည့်ခရီးစဉ်တွင် လူစိမ်းများကို သံသယထားပါ ( သူတို့သည် လူကုန်ကူးသူများဖြစ်နိုင်သည်)။
- အကယ်၍ တစ်စုံတစ်ယောက်က သင့်ရဲ့အထောက်အထားများကို လက်လွှဲပေးဖို့ သင့်ကို ဖိအားပေးရန် ကြိုးစား လာပါက အခြားသော ခရီးသွားသူများ သို့မဟုတ် တာဝန်ရှိသူများကို သင့်ကို ကူညီဖို့ပြောကြားပါ။
- ရွှေ့ပြောင်းသွားလာသည့်ခရီးစဉ်တွင် သင့်ကို ချဉ်းကပ်လာသောလူစိမ်းများနှင့် မသွားပါနှင့်။
- အများပြည်သူပို့ဆောင်ရေးကို အသုံးပြုဖို့ကြိုးစားပါ၊ ပုဂ္ဂလိကကားဖြင့် သို့မဟုတ် မီနီဘတ်စ်ဖြင့်သွားခြင်းကို ရှောင်ကျဉ်ပါ။

## ၁၅။ ပြည်ဝင်ခွင့် ဆိုသည်မှာအဘယ်နည်း။ (အခန်း၁၂နှင့်၂၃မှ)

- ပြည်ဝင်ခွင့် ဆိုသည်မှာ အခြား တိုင်းပြည်တစ်ခုသို့ ဝင်ရောက်ရန် ခွင့်ပြုပေးသည့် သင့်ရဲ့နိုင်ငံကူးလက်မှတ် ပေါ်ရှိတံဆိပ်တုံး တစ်ခု သို့မဟုတ် ကပ်ခွာဖြစ်သည်။

## ၁၆။ အလုပ်ပြည်ဝင်ခွင့်နှင့် ခရီးသွားပြည်ဝင်ခွင့်တို့ကြား ခြားနားချက်မှာအဘယ်နည်း။ (အခန်း၁၂ နှင့်၂၃မှ)

- အလုပ်ပြည်ဝင်ခွင့်သည် သင့်ကို အခြားတိုင်းပြည်တွင် တရားဝင်အလုပ်လုပ်ဖို့ခွင့်ပြုသည်။ ခရီးသွားပြည်ဝင်ခွင့်သည် သင့်ကိုလည်ပတ်ရန်အတွက်သာခွင့်ပြုသည်။ အလုပ်လုပ်၍မရပေ။

## ၁၇။ နိုင်ငံကူးလက်မှတ်ဆိုသည်မှာ အဘယ်နည်း။ ( အခန်း၁၂နှင့်၂၃မှ)

- နိုင်ငံကူးလက်မှတ်ဆိုသည်မှာ သင့်ကိုယ်ပိုင်တိုင်းပြည်မှ ဝင်ထွက်ခွင့်ကို ခွင့်ပြုထားသော သင့်အစိုးရမှ ထုတ်ပေးသည့်အထောက်အထားတစ်ခုဖြစ်သည်။

## ၁၈။ သင့်တိုင်းပြည်တွင် အရေးပေါ်ဖုန်းနံပါတ်မှာအဘယ်နည်း။ (အခန်း၂၅မှ)

- မေးခွန်းအတွက် အဖြေမှာ 'IS 15c အရေးပေါ် ဖုန်းနံပါတ်များ ' ဖြစ်သည်။ သို့သော် ဦးဆောင်သူများသည် ဤနံပါတ်များကိုလည်း အလွတ်ရအောင် မှတ်ထားသင့်သည်။

## ၁၉။ သင့်တိုင်းပြည်အနီးရှိ သင်ရောက်ရှိနေသော ခရီးဆုံးတိုင်းပြည်တစ်ခု၏ အရေးပေါ်ဖုန်းနံပါတ်မှာ အဘယ်နည်း။ (အခန်း၂၅မှ)

- ဤမေးခွန်းအတွက်အဖြေမှာ ' IS 25c: အရေးပေါ်ဖုန်းနံပါတ်များ' ဖြစ်သည်။ သို့သော် ဦးဆောင်သူများသည်ဤနံပါတ်များကိုအလွတ်မှတ်ထားသင့်သည်။

# သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်
# ၆။ အထည်သို့မဟုတ်ပုဝါကစားနည်း

## ရည်ရွယ်ချက်

ပါဝင်သူများကိုပျော်ရွှင်စေရန်နှင့်သွေးပူစေရန်ကူညီဖို့ဖြစ်သည်။

## အချိန်

၅-၁၀မိနစ်

**အထောက်အပံ့ပစ္စည်းများ**

- ပိတ်စတစ်ခု (သို့) လည်စီးပုဝါတစ်ခု

## လုပ်ဆောင်ချက်

၁။ နောက်ထပ်လာမည့်ကစားနည်းမှာ တစ်ဦးကိုတစ်ဦး ပိုမိုကောင်းမွန်စွာ သိရှိစေရန်အတွက် ပုံမှန်ကစားနည်းတစ်ခု၏အသွင်သစ်တစ်ခုဖြစ်ကြောင်းကိုရှင်းပြပါ။

၂။ အဖွဲ့သည် စက်ဝိုင်းတစ်ခုပုံသဏ္ဍာန်ဝိုင်းပြီး ထိုင်နေသည်။

၃။ ပါဝင်သူတစ်ယောက်သည် စက်ဝိုင်းကိုပတ်၍ လမ်းလျှောက်ပြီးထိုင်နေသောပါဝင်သူများထဲမှတစ်ယောက်ယောက်ကိုကိုင်ထားသောအထည် သို့မဟုတ် ပုဝါကို တင်လိုက်ပါ။
( ဤကစားနည်းသည် ပုဝါကို အသုံးပြုခြင်းအစား ပုခုံးကိုတို့ခြင်းဖြင့်လည်း ကစားနိုင်ပါသည်။)

၄။ ထို့နောက် ဒုတိယပါဝင်သူတစ်ယောက်က စက်ဝိုင်းတလျှောက် ပထမလူကို လိုက်ဖမ်းပါ။

၅။ အကယ်၍ ဒုတိယပါဝင်သူက ပထမပါဝင်သူကို ဖမ်းမိခဲ့လျှင်၊ ပထမပါဝင်သူသည် နောက်တစ်လှည့် ဆောင်ရွက်ပါ။

၆။ အကယ်၍ ဒုတိယပါဝင်သူသည် ပထမပါဝင်သူကို မဖမ်းမိခဲ့ပါက၊ ဒုတိယပါဝင်သူက တစ်လှည့်ဆောင်ရွက်ပါ။

# 1 အခန်း (၁)
# ကျွန်ုပ်တို့၏အဖွဲ့နှင့်မိတ်ဆက်ခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများအား အခြားသူများနှင့်သိရှိစေရန်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အကြောင်း ပိုမိုသိရှိစေရန်၊ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အတွက် စည်းမျဉ်းများရေးသားရန်နှင့် ပါဝင်သူများ၏လူကုန်ကူးခြင်းအသိပညာ အကြိုစစ်ဆေးခြင်း စီစဉ်ဆောင်ရွက်ရန်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့များ

- ရောင်စုံဘောပင်၁ဂစုံခန့်
  ပါဝင်သူအားလုံးအတွက်နာမည်ကဒ်ပြားများ
- ဖလစ်ချပ်စာရွက်
- ပါဝင်သူအားလုံးအတွက်
- **"IS1 : အကြိုစစ်ဆေးခြင်း"** စာရွက်မိတ္တူများ

## ကြိုတင်ပြင်ဆင်မှု

ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ပထမဆုံး အခန်း မစတင်မီ၊ ဂေါ်လ်ဗီရှင် ဝန်ထမ်းနှင့်ပူးပေါင်းပြီး သင့်အဖွဲ့အတွက် အဆင့်၁၊ ၂နှင့် ၃အတွက် မည်သည့်ဆုများပေးမည်ကိုဆုံးဖြတ်ပါ။

ပထမဆုံးကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့အခန်း မစတင်မီ သင်သည် လူကြီးနှင့်လူငယ်ဦးဆောင်သူများ၊ မိဘများ၊ လူငယ်ပါဝင်သူများနှင့် လူထုတွင်းမှ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့်အလုပ်ရုံဆွေးနွေးပွဲ ဦးဆောင်ပြုလုပ်ရန်မှာ-

- အချိန်ဇယားများ ပြုလုပ်ခြင်း
- သဘောတူကြောင်းပုံစံများတွင် လက်မှတ်ရေးထိုးခြင်း
- ပါဝင်သည့်အကြောင်းအရာအား အကျဉ်းချုပ်ဆွေးနွေးခြင်း

အဖွဲ့၏အခန်းများအားလုံးအတွက်၊ သင်လုပ်ရမည့်အချက်များမှာ-

- အခန်းအားမစတင်မီ ပြန်ဖတ်ရန်
- လိုအပ်သောအထောက်အပံ့များ ကြိုတင်ပြင်ဆင်ရန်
- သင်၏ကြိုတင်ပြင်ဆင်မှုများအား သေချာစေရန် စာသင်ခန်းအတွင်း ကြိုတင်ရောက်ရှိရမည်။

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအား ၎င်းတို့အမည်နှင့်တကွ ကြိုဆိုပေးပါ။ ပြီးလျှင်လက်မှတ်ထိုးပေးရန် တောင်းဆိုပါ။

### သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းများမှ 'ဘောလုံးအမည်ကစားနည်း' ဖြင့်ဦးဆောင်ခိုင်းပါ။

### ပြန်လည်စစ်ဆေးခြင်း

ပြုလုပ်ရန်မလိုပေ။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့

အဖွဲ့အား ကြိုဆိုပြီး သင့်ကိုယ်သင် မိတ်ဆက်ပါ ။ ယနေ့တွင် လူတိုင်း တစ်ယောက်ကို တစ်ယောက် သိရှိရန် ပြုလုပ်ရမည်ဖြစ်ပြီး ၊ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့အကြောင်း သင်ယူပြီး နောက်၎င်းတို့၏ဘဝကို ပြန်လည်တွေးတောရမည်ဖြစ်ကြောင်း ရှင်းပြပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား မည်မျှလျှင်တစ်ကြိမ် တွေ့ဆုံမည်၊ အစည်းအဝေးအချိန်များနှင့်ဦးဆောင်သူများမှာ မည်သူဖြစ်ကြောင်းစသည်တို့အပါအဝင် ဆုံးဖြတ်ချက်များသည်မိဘများ/အုပ်ထိန်းသူများ၊ လူငယ်နှင့်ဦးဆောင်သူများ အလုပ်ရုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း အသိပေးပါ။

သင်ခန်းစာအတွင်း ခြားနားသော အကြောင်းအရာများအား ဆွေးနွေးကြမည် ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းသည် လူကုန်ကူးခြင်းအကြောင်းအရာ မိတ်ဆက်ခြင်းနှင့် စတင်ပြီး၊ လူကုန်ကူးခြင်း မည်ကဲ့သို့နှင့် မည်သည့်နေရာမှ ဖြစ်ပေါ်လာသည်ကို ဆွေးနွေးသွားမည်ဖြစ်သည်။ ပြီးလျှင် ပါဝင်သူများသည် ကိုယ်ပိုင် အရည်အချင်း တိုးတက်မှုများကို သင်ယူရမည်ဖြစ်သည်။ ၎င်းတို့မှာ လူများအား လုံခြုံနေစေရန် ကူညီပေးသည့် လူမှုဆက်ဆံရေး အရည်အချင်းများ ဖြစ်သည်။

ဦးဆောင်သူသည် ရွှေ့ပြောင်းသွားလာခြင်းမတိုင်မီ၊ ခရီးသွားနေစဉ်၊နှင့် ရောက်သည့်နေရာများတွင် မည်ကဲ့သို့လုံခြုံအောင်ပြုလုပ်ရမည်ဖြစ်ကြောင်း ရှင်းပြမည်ဖြစ်သည်။

## ကတိပေးခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ကျောင်းနှင့်မတူကြောင်း ရှင်းပြပါ။ အခန်းတိုင်းတွင်ကစားနည်းများ၊ပုံများဆွဲရန်အချိန်၊နှင့် အဓိကနေရာမှ ပါဝင်ကစားရန် အခွင့်အရေးများ ပါဝင်မည်ဖြစ်သည်။ အခန်းများမှာပျော်စရာ၊ ရင်းနှီးခင်မင်မှုများနှင့်သင်ကြားပေးရန် ပုံစံပြုလုပ်ထားသည်။

ပါဝင်သူများမှာ အရေးကြီးသောအရည်အချင်းနှင့်အချက်အလက်များကို သင်ကြားနိုင်ရန်အလို့ငှာ အခန်းတိုင်းအားတက်ရောက်ရန်အတွက် ကတိပေးရမည်ဖြစ်သည်။

ကတိပေးခြင်းနှင့်တက်ရောက်ရန်အတွက်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ကြယ်စနစ်ရှိကြောင်းရှင်းပြပါ။ ၎င်းသင်ရိုးညွှန်းတမ်းတွင်အဖွဲ့လိုက်လှုပ်ရှားမှုအစီအစဉ်အပါအဝင် စုစုပေါင်းအခန်း(၃၁)ခန်းပါဝင်သည်။ပါဝင်သူများသည်တက်ရောက်သောအခန်းတိုင်းအတွက် ကြယ်တစ်ခုစီရရှိမည်ဖြစ်သည်။ ကြယ်၂၂လုံးရရှိသောပါဝင်သူများသည် 'အဆင့်၁ဆုလဒ်များ' အတွက်အရည်အချင်းပြည့်မီသည်။ ကြယ်၂၆လုံးရရှိသောပါဝင်သူများသည် 'အဆင့်၂ဆုလဒ်များ' အတွက် အရည်အချင်းပြည့်မီသည်။ ကြယ်၃၁လုံးရရှိသောပါဝင်သူများသည် 'အဆင့်၃ဆုလဒ်များ' အတွက် အရည်အချင်းပြည့်မီသည်။ လူငယ်ဦးဆောင်သူများလည်းပုံမှန်တက်ရောက်မှုအတွက် အရည်အချင်းပြည့်မီမှုအဆင့်အလိုက် ကြယ်များရရှိမည်ဖြစ်သည်။

အဆင့်၁ ၊ ၂ နှင့် ၃အတွက် သင့်အဖွဲ့မှပေးသော ဆုများမှာ မည်သည့် အရာများဖြစ်သည်ကို ရှင်းပြပါ။ ၎င်းတို့သည် ရပ်ရွာအပေါ်မူတည်ပြီး ပြောင်းလဲနိုင်သည်။

## အမည်ကဒ်ပြားများ

အမည်ကဒ်ပြားများနှင့်ဘောလ်ပင်များကို လက်ဆင့်ကမ်းပေးပါ။ ပါဝင်သူများအား ၎င်းတို့အမည်များကိုအမည်ကဒ်ပြားများပေါ်တွင် ချရေးရန်နှင့်မိမိတို့ပြုလုပ်ချင်သောအရာများကို ဖော်ပြသည့်ပုံငယ်လေးများဆွဲရန် တောင်းဆိုပါ။

## ကလေးသူငယ်ပါဝင်ခြင်း

ဂေါလ်ဗီရှင်နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ အဓိက ယုံကြည်ချက်တစ်ခုမှာ လူငယ်များကို နားထောင်ပေးရန်၊ အကြောင်းအရာများတွင် ၎င်းတို့ ထင်မြင်ချက်များကို ဖော်ပြရန်၊ ဖော်ပြခြင်းနှင့် တွေးတောမှု လွတ်လပ်ခြင်းစသော အခွင့်အရေးများ ရှိရန်ဖြစ်ကြောင်း ရှင်းပြပါ။

ဆိုလိုသည်မှာ ဤလူငယ်အဖွဲ့မှာ ဖော်ပြခဲ့ပြီးသော အရာများနှင့် ကွဲလွဲနေစေကာမူ၊ ထင်မြင်ချက်များအား လွတ်လပ်စွာပြောဆိုနိုင်သည်၊ ထို့ပြင်အဖွဲ့နှင့်ပါတ်သက်သော ဆုံးဖြတ်ချက်များ ချရာတွင်လည်း ပါဝင်ရမည် ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းတို့တွင် မိမိတို့နားမလည်သောအချက်များကိုလွတ်လွတ်လပ်လပ် မေးမြန်းနိုင်သည်။ ၎င်းမှာ အဖွဲ့မစတင်မီလူငယ်များ၏အကြောင်းအရာများနှင့် အဖွဲ့၏အချိန်ဇယားများအပေါ် ထင်မြင်ချက်များကိုနားထောင်ရန် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်သည်။ ဂေါလ်ဗီရှင်သည် အခန်းများတစ်လျောက်လုံး ဦးဆောင်သူ၏ထင်မြင်ချက်များအားရှာဖွေပြီးအခန်းများပြီးဆုံးသွားပါက ပြန်လည်မျှဝေမည် ဖြစ်ပါသည်။

သင်ခန်းစာများတွင် ပါဝင်သူများ၏ ဘဝအတွက် လိုအပ်သည့် အချက်အလက်များအား ဆုံးဖြတ်ပေးရာတွင် ကူညီပေး  နိုင်မည်ဖြစ်ပါသည်။ သင်ခန်းစာများတွင်၊ သည်အဖွဲ့မှပါဝင်သူများနှင့်တကွ ဤအချက်အလက်များအား အသုံးပြုပြီး၊ ၎င်းတို့ အမြင်များအား မျှဝေခြင်း၏လှုပ်ရှားမှုများနှင့် ပါဝင်မှုများတွင် ပါဝင်လုပ်ဆောင်မည်ဟု မျှော်လင့်ပါသည်။

## မိမိတို့စည်းမျဉ်းများကိုကိုယ်တိုင်ချမှတ်ခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ပျော်ရွှင်ရန်အတွက်သာမက၊ ပါဝင်သူများအားလေးစားခြင်းနှင့် ကောင်းမွန်စွာဆက်ဆံရန်နေရာတစ်ခု ဖြစ်ပေါ်စေရန်အတွက် ပုံစံပြုလုပ်ထားပါသည်။ စည်းမျဉ်းများသည် ပါဝင်သူများအား အတူတကွ အလုပ်လုပ်ဆောင်ရာတွင် ကူညီပေးရန် ဖြစ်သည်။ ဥပမာ- စည်းမျဉ်းတစ်ခုမှာ 'ကျွန်ုပ်တို့သည် ပါဝင်သူစကားပြောနေစဉ်၊ တစ်ယောက်ကိုတစ်ယောက်မနှောက်ယှက်ပဲနားထောင်ပါမည်' ဟူ၍ဖြစ်သည်။ပါဝင်သူများအားအဖွဲ့အတွက် အခြားအခြေခံစည်းမျဉ်းများကို စဉ်းစားရန်ပြောကြားပါ။ ၎င်းတို့အကြံပြုချက်များကို စာရွက်ပေါ်တွင် ချရေးခိုင်းပါ။
အကယ်၍ အောက်ပါစည်းမျဉ်းများမှာ ၎င်းတို့ဖော်ပြသည့်အထဲတွင် မပါဝင်ပါက၊ ပေါင်းထည့်ပေးပါ။

- ကျွန်ုပ်တို့ ပြောသော ကျွန်ုပ်တို့အကြောင်းများမှာ အဖွဲ့အတွင်းတွင် လျှို့ဝှက်ထားရမည်။ ကျွန်ုပ်တို့သည် မိမိတို့သူငယ်ချင်းများ ဘာပြောသည်နှင့် အဖွဲ့တွင် ဘာလုပ်ခဲ့သည်ကို အခြားသူများအား ပြန်မပြောပါ။
- သူတပါးစိတ်ညစ်စေမည့်အကြောင်းများ မပြောရန်နှင့် မပါဝင်ရန် အခွင့်အရေးရှိသည်။
- လူတစ်ယောက်စီအား စကားပြောရန် အခွင့်အရေးပေးရမည်။
- တစ်ယောက်စကားပြောနေစဉ်၊ အခြားသူများနားထောင်ရမည်။
- မည်သူတစ်ဦးတစ်ယောက်မျှ ရန်မဖြစ်ရ (သို့) ရည်ရွယ်ချက်ဖြင့် အခြားသူ၏ခံစားမှုများကို မထိခိုက်စေရပါ။
- အရေးတကြီးမဟုတ်ပါက၊ ကျွန်ုပ်တို့သည် မိမိတို့၏ဖုန်းကို ဖြေကြားခြင်းမပြုပါ။
- ကျွန်ုပ်တို့သည် အဖွဲ့၏အခန်းတိုင်းအားတက်ရောက်ရန် အတတ်နိုင်ဆုံးကြိုးစားပါမည်။

ပါဝင်သူများအား တစ်ခုစီကို သေချာစဉ်စားရန် ပြောကြားပါ။ ၎င်းမှာ တကယ်လိုအပ်သလား။ ၎င်းမှာအကျိုးရှိသလား။ ၎င်းမှာမျှတမှုရှိပါသလား။

အဖွဲ့အားစာရင်းတစ်ခုလုံးကိုပြန်လည်ဖတ်ခိုင်းပြီးမည်သည့်စည်းကမ်းများအားထားရှိချင်ကြောင်းမဲပေးခိုင်းပါ။

စည်းမျဉ်းစာရင်းအား ပါဝင်သူအားလုံး မြင်နိုင်သောနံရံတွင် ချိတ်ဆွဲထားပါ။ ပါဝင်သူများအား မိမိတို့ကိုယ်ကို ဤအဖွဲ့မှ ချမှတ်ထားသောစည်းမဉ်များအား လေးစားသည့်သင်္ကေတအဖြစ် ၎င်းတို့အမည်အားလက်မှတ်ထိုးခြင်း (သို့) ပုံဆွဲခြင်းပြုလုပ်ရန် တောင်းဆိုပါ။ ဦးဆောင်သူများလည်း စည်းမျဉ်းများပေါ်တွင် လက်မှတ်ထိုးရမည်ဖြစ်ပြီး၊ လိုက်နာမည်ဖြစ်ကြောင်း ကတိပေးရမည်ဖြစ်သည်။

စည်းကမ်းများကိုကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အခန်းတစ်ခုစီ၏အစတွင်နံရံပေါ်တွင်ချိတ်ဆွဲရမည်ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် စည်းမျဉ်းများကို ချိုးဖောက်မည်ဆိုပါက၊ အခြားသူများလည်း လိုက်လုပ်မည်ဖြစ်သောကြောင့် ထိုသူအားစာရင်းကိုပြပြီး ယဉ်ကျေးစွာဖြင့် သတိပေးရမည်ဖြစ်သည်။

*ပါဝင်သူများအတွက် မှတ်ချက်* - အချို့ယဉ်ကျေးမှုများတွင် သင်သည် စည်းမျဉ်းများကို ချိုးဖောက်မှုများ အတွက် အကျိုးဆက်ကို ချမှတ်နိုင်သည်။ ဥပမာ သင်သည် စည်းမျဉ်းချိုးဖောက်သူကို ရှုးကြောင်ကြောင် သီချင်းများဆိုခိုင်းခြင်း၊ ရှုးကြောင်ကြောင်အက က ခိုင်းခြင်းများ ပြုလုပ်ရန် စေခိုင်းနိုင်သည်။ သို့သော်၊ ၎င်းအားလူငယ်များက ပျော်ရွှင်သည်ဟု ယူဆမှသာလုပ်ခိုင်းပါ။လူငယ်များအား အနိုင်မကျင့်ပါနှင့်။ သတိထားရန်မှာ ဤစည်းမျဉ်းများ၏ ရည်ရွယ်ချက်မှာ လူများအားအပြစ်ပေးရန်မဟုတ်ပါ။ဤစည်းမျဉ်းများသည် သူတို့အဖွဲ့အား စည်းချက် ကျကျ လည်ပတ်နေစေရန်အကူအညီရန် အတွက်သာ အသုံးဝင်ရန်ဖြစ်သည်။ ၎င်းတို့သည် ကောင်းမွန်သောပတ်ဝန်းကျင်ကို အဖွဲ့အတွင်း တည်ဆောက်သင့်သည်။

၎င်းအပြင် အခြားအချက်တစ်ချက်လည်း ဆွေးနွေးရန် လိုအပ်ကြောင်းရှင်းပြပါ။ ဤသင်ရိုးညွှန်းတမ်းတစ်လျှောက်တွင်လူကြီးများက တစ်ခါတစ်ရံ လူငယ်များအား နာကျင်စေသည့်နည်းလမ်းများအပါအဝင် ခက်ခဲသောဘာသာရပ်များလည်းဆွေးနွေးရမည်ဖြစ်သည်။ ဝေါလ်ဗီရှင်သည် လူငယ်များတွင် အကြမ်းဖက်မှုနှင့် ခေါင်းပုံဖြတ်ခြင်းမရှိသောဘဝများတွင် နေထိုင်ရန် အခွင့်အရေးရှိသည်ဟုယုံကြည်ပါသည်။ အကယ်၍ လူကြီးများက ၎င်းတို့ကို နာကျင်အောင်ပြုလုပ်ပါက၊ ပါဝင်သူများသည် လူငယ်အဖွဲ့ ဦးဆောင်သူအား ဤအကြောင်းကို ပြောပြနိုင်ကြောင်း ရှင်းပြပါ။ ဦးဆောင်သူသည် ဝေါလ်ဗီရှင် ဝန်ထမ်းနှင့် ၎င်းတို့ကို ကာကွယ်ရန် ကူညီပေးသည့် လုပ်ဆောင်မှုပြုလုပ်ရန် ဆက်သွယ်ပါလိမ့်မည်။

## အကြိုစစ်ဆေးခြင်းကိုစီမံခြင်း

အကြိုစစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ ပါဝင်သူများ၏အသိပညာနှင့်အပြုအမူများ သင်တန်း၏ရလဒ်ကြောင့် မည်မျှ ပြောင်းလဲသွားကြောင်းတိုင်းတာ နိုင်ရန်အတွက်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းသည်အဖွဲ့မှလူငယ်များသည် သူတို့၏သင်တန်း မစတင်ရသေးမီ ဤအကြောင်းအရာများအား အများကြီးမသိသေးဟု ထင်မြင်ပါသည်။ မေးခွန်းများ၏အဖြေကို မသိရှိခြင်းအတွက်စိတ်ပျက်သွားခြင်း (သို့) ရှက်သွားခြင်းများ မဖြစ်စေရန် သေချာအောင်ပြုလုပ်ပါ။ ထို့ကြောင့် စစ်ဆေးခြင်း၏မိတ်ဆက်အား ဖတ်ရန်မှာ အလွန် အရေးကြီးပါသည်။ အခန်းပတ်ဝန်းကျင်အခြေအနေမှာ သက်တောင့်သက်သာနှင့်နွေးထွေးစွာကြိုဆိုနေခြင်းမျိုးဖြစ်ရမည်။

ဤစစ်ဆေးခြင်းမှာ လူငယ်များမှ ဤဘာသာရပ်အပေါ် မည်မျှနားလည်နေသည်ကို သိရှိရန်ဖြစ်သည်။ ၎င်းမှာ သူတို့ မည်မျှကောင်းကောင်းဖတ်နိုင်(သို့) ရေးနိုင်သည်ကို စစ်ဆေးခြင်းမဟုတ်ပါ။ အကယ်၍၎င်းတို့ထဲတွင် ဖတ်ရန်(သို့)ရေးရန် အခက်အခဲဖြစ်နေသော ကျောင်းသားများ ပါဝင်နေပါက၊ဦးဆောင်သူသည် မေးခွန်းများအားဖတ်ပြပြီး သူတို့ ၎င်းအပေါ်တုန့်ပြန်သည်ကိုပြန်လည်ရေးပေးနိုင်သည်။

ပြီးဆုံးသွားသောအကြိုစစ်ဆေးခြင်းများအားလုံးကို လုံခြုံသောနေရာတွင်သိမ်းထားပါ။ သင်သည် သင်တန်း ပြီးဆုံးချိန်တွင် နောက်ဆုံးစစ်ဆေးခြင်းနှင့် ၎င်းတို့ကိုပြန်လည်နှိုင်းယှဉ်ရန် လိုအပ်မည်ဖြစ်သည်။

## အကြိုစစ်ဆေးခြင်း

အောက်ပါမိန့်ခွန်းကို ပါဝင်သူများအား ဖတ်ပြပါ။

'မင်္ဂလာပါ။ ကျွန်တော်တို့ဟာ ဒီသင်တန်းမှာပါဝင်တဲ့ အကြောင်းအရာတွေကို ဘယ်လောက် သိထားသလဲဆိုတဲ့ ပုံစံကို ဖြည့်ရမှာ ဖြစ်ပါတယ်။ ဒီပုံစံဟာ ဝေါလ်ဗီရှင် အတွက်ဖြစ်ပြီး ကျွန်တော်တို့ဟာ ပိုမိုတိုးတက်လာအောင် သင်ကြားရမှာဖြစ်ပါတယ်။ တကယ်လို့ သင်တို့ မေးခွန်းတွေရဲ့အဖြေကို တစ်ခုမှမသိရင်လည်း ကိစ္စမရှိပါဘူး။ ဒီသင်တန်းရဲ့ရည်ရွယ်ချက်က အဖြေတွေကို သင်ကြားပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီပုံစံတွေကို ဖြည့်ခိုင်းရခြင်းဟာ သင်တန်းပြီးဆုံးသွားရင် အစကထက် ဘယ်လောက်များများတိုးတက်ပြီး သိရှိသွားသလဲဆိုတာကို နှိုင်းယှဉ်နိုင်အောင်ဖြစ်ပါတယ်။

တကယ်လို့ သင်က ဦးဆောင်သူကို မေးခွန်းများကို ဖတ်ခိုင်းပြီး အဖြေတွေချရေးခိုင်းဖို့ ပိုမိုနှစ်သက်မယ်ဆိုရင် ဦးဆောင် သူတွေကို အသိပေးလိုက်ပါ။'

'IS 1: အကြိုစစ်ဆေးခြင်း' မိတ္တူများကို ပါဝင်သူများအား လက်ဆင့်ကမ်းပေးပါ၊ (သို့) ပါဝင်သူများနှင့် တစ်ယောက်ချင်းစီ ထိုင်၍ ဖတ်ပြပြီး အဖြေများကို မှတ်တမ်းတင်ပေးပါ။ စစ်ဆေးခြင်းများကို ပါဝင်သူများပြီးဆုံးသွားပါက သိမ်းဆည်းပါပြီးလျှင် ၎င်းတို့ကို သင်တန်းပြီးဆုံးသွားချိန်စစ်ဆေးခြင်း နှင့်နှိုင်းယှဉ်ရန် သိမ်းဆည်းထားပါ။

## နိဂုံးချုပ်ခြင်း

အဖွဲ့အစည်းအဝေးပြီးဆုံးချိန်တွင် ပါဝင်သူများအား ရေးသားရန် (သို့) အခြားမေးခွန်းများမေးရန်နှင့်/ (သို့) သုံးသပ်ချက်များပေးရန် အတွက်ဦးဆောင်သူများမှ အချိန်တစ်ခုပေးမည်ဆိုလျှင် ပိုမိုကောင်းမွန်ပါလိမ့်မည်။ ၎င်းတို့သည် အမည် ဖော်ပြခြင်းမပြုပဲ ကောက်ယူရမည်ဖြစ်ပြီး ဦးဆောင်သူများအား နောက်ပိုင်းတွင် မည်သည့် အကြောင်းအရာများအား နားလည်အောင်ရှင်းပြရမည် (သို့) ပြောကြားရမည်ကို အကြံဉာဏ်ပေးနိုင်ရန် ဖြစ်သည်။ဦးဆောင်သူသည် လာမည့်အခန်းမှပါဝင်သောအကြောင်းအရာများ/မေးခွန်းများအား ပြန်လည်ဖြေကြားခြင်း (သို့) အကြံပြုသည့်အတိုင်းနောက်ပိုင်းတွင်စီစဉ်နိုင်သည်။

လာရောက်သော ပါဝင်သူများအား ကျေးဇူးတင်ပါသည်။ လာမည်အဖွဲ့အစည်းအဝေးအချိန်အား အတည်ပြုပါ။ ဥပမာ၊ 'အားလုံးပဲ နောက်တစ်ကြိမ် အစည်းအဝေးက ဘယ်တော့လဲ ဆိုတာပြောပြနိုင်မလား။ အင်္ဂါနေ့ ၃နာရီ။ အားလုံးပဲ ဒီနေရာကို လာမယ်မဟုတ်လား။ အဆင်ပြေတယ်နော်!' ဒီနေ့ လာတဲ့လူတွေအားလုံး ၎င်းတို့၏ ပထမဆုံး ကြယ်တစ်ပွင့် ရသွားပြီဖြစ်ကြောင်း ရှင်းပြပါ။

# IS 1: အကြိုမေးခွန်းလွှာ

1

| | |
|---|---|
| အမည် | ---------------------------------------------------------------------- |
| နေ့စွဲ | ---------------------------------------------------------------------- |
| အဖွဲ့နေရာ | ---------------------------------------------------------------------- |

## မေးခွန်းများ

1. 'လူကုန်ကူးခြင်း' ဆိုတဲ့အဓိပ္ပါယ်ကဘာလဲ။

2. လူကုန်ကူးခြင်းနှင့်လူမှောင်ခိုခြင်း တို့ကြား ကွာခြားချက်မှာ အဘယ်နည်း။

3. လူကုန်ကူးခြင်း မည်သည့်နေရာများတွင် ဖြစ်နိုင်သနည်း။

4. လူကုန်ကူးသူများ၏ ပြုလုပ်လေ့ရှိသည့် အချို့သော လိမ်လည်မှု များမှာအဘယ်နည်း။

5. သင်သည် ကောင်းမွန်သောစကားပြောခြင်း အရည်အချင်းအချို့ကို ဖော်ပြနိုင်ပါသလား။

6. သင်သည် ကောင်းမွန်သောစကားနားထောင်ခြင်း အရည်အချင်းအချို့ကို ဖော်ပြနိုင်ပါသလား။

7. သင်သည် ဆုံးဖြတ်ချက် မည်ကဲ့သို့ချမှတ်သည်ကို ဖော်ပြနိုင်ပါသလား။

8. သင်သည် မူးယစ်ဆေးဝါးများကလူများအား မည်ကဲ့သို့ ထိခိုက်စေကြောင်း ဖော်ပြနိုင်ပါသလား။

9. သင်ရွှေ့ပြောင်းသွားလာစဉ် လုံခြုံမှုရှိစေရန် လုပ်ဆောင်နိုင်သောအရာနှစ်ခုကို ပြောပြပါ။

10. သင့်နိုင်ငံမှ သင် အန္တရာယ်ရှိနေစဉ် (သို့) လူကုန်ကူးခြင်း ခံခဲ့ရပါက အရေးပေါ်ခေါ်ဆိုနိုင်သော တယ်လီဖုန်းများမှာ မည်သည့်နံပါတ်များဖြစ်သနည်း။

11. သင့်သွားရောက်မည့်နိုင်ငံမှ သင်အန္တရာယ်ရှိနေစဉ် (သို့) လူကုန်ကူးခြင်းခံခဲ့ရပါက အရေးပေါ်ခေါ်ဆိုနိုင်သော တယ်လီဖုန်းများမှာမည်သည့်နံပါတ်များဖြစ်သနည်း။

12. နိုင်ငံကူးလက်မှတ်ဆိုသည်မှာ အဘယ်နည်း။

13. ပြည်ဝင်ခွင့်(VISA) ဆိုတာ ဘာလဲ။

14. အလုပ်ပြည်ဝင်ခွင့်နှင့်ခရီးသွားပြည်ဝင်ခွင့် ကွာခြားမှုက ဘာလဲ။

15. အကယ်၍ သင်ရွှေ့ပြောင်းသွားလာမည်ဆိုပါက၊ ရွှေ့ပြောင်းမှုကို ပိုမိုစိတ်ချနိုင်ရန် မည်သည့်အဆင့်များကိုပြုလုပ်သွားရမည်နည်း။

16. သင်သည် သင့်အသိုင်းအဝိုင်းမှ လူငယ်များအား ကူညီရန် ပူးပေါင်းပါဝင်ဖူးပါလား။ ပါဝင်ဖူးပါက ၎င်းတို့ကို ဖော်ပြနိုင်ပါသလား။

# အခန်း(၂)
# ကျွန်ုပ်တို့၏ဘဝများအကြောင်းကို စဉ်းစားခြင်း

## ရည်ရွယ်ချက်
ပါဝင်သူများအား ကိုယ့်ကိုယ်ကို ပိုမိုသိရှိစေရန်နှင့် ၎င်းတို့အနာဂါတ်အားစဉ်းစားရာတွင် ပထမခြေလှမ်းရရှိသွားစေရန်ကူညီပေးရန်ဖြစ်သည်

## အချိန်
၇၅မိနစ်

## ကြိုတင်ပြင်ဆင်ရန်
ပြီးခဲ့သောအပတ်မှစည်းမျဉ်းများကို ချိတ်ဆွဲပါ။

## အထောက်အပံ့များ
- ပါဝင်သူတိုင်းအတွက်စာရွက်ရှည်တစ်ခုစီ (သင်သည်၎င်းကိုရုံးသုံးစာရွက် ၃ရွက်အားကပ်ခြင်းဖြင့်ပြုလုပ်နိုင်သည်။)
- ပါဝင်သူတိုင်းအတွက်နေ့စဉ်မှတ်တမ်းစာအုပ်တစ်အုပ်စီ (နေ့စဉ်မှတ်တမ်းစာအုပ်မှာပုံမှန်လိုင်းများဖြင့်စာရွက်များစွာ ပါဝင်သောစာအုပ်ဖြစ်သင့်သည်။)
- နေ့စဉ်မှတ်တမ်းစာအုပ်အတွက်သော့ခတ်သေတ္တာတစ်လုံး
- ခန့်မှန်းခြေဘောလ်ပင်၁၀စုံ

## မိတ်ဆက်ခြင်း

### ကြိုဆိုရန်
ပါဝင်သူများအား အမည်နှင့်တကွ ကြိုဆိုပါ။ တက်ရောက်မှုမှတ်တမ်းစာရွက်အား လက်မှတ်ထိုးရန် လက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း
သွေးပူလေ့ကျင့်ခန်းစာရင်းထဲမှ တစ်ခုကို ဦးဆောင်သူအား တောင်းဆိုပါ။

### ပြန်လည်သုံးသပ်ခြင်း
ပြီးခဲ့သောအပတ်မှ စည်းမျဉ်းများအား တစ်ယောက်ယောက် မှတ်မိပါသလား။
ဘယ်စနစ် မည်ကဲ့သို့အလုပ်လုပ်သလဲဆိုတာ တစ်ယောက်ယောက်က ရှင်းပြနိုင်သလား။

## ဘဝမြစ်ကြောင်းလုပ်ဆောင်မှု
စာရွက်ရှည်နှင့်ရောင်စုံဘောလ်ပင်များကို လက်ဆင့်ကမ်းပေးပါ။ ဤပုံဆွဲခြင်းအားဘဝမြစ်ကြောင်းဟုခေါ်ကြောင်းနှင့်၎င်းသည် မိမိတို့၏ဘဝအကြောင်းအား ပြောပြရန်ဖြစ်ကြောင်း ရှင်းပြပါ။ သူတို့ကောင်းကောင်းပုံဆွဲနိုင်လျှင်လည်း အကြောင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အဓိက ထားသည်မှာ ၎င်းတို့၏ စိတ်ကူးနှင့် သူတို့၏ ဘဝဇာတ်ကြောင်းကို ဖော်ပြရန်သာဖြစ်ကြောင်းရှင်းပြပါ။
အစပိုင်းတွင် ၎င်းတို့မှာကလေးများကဲ့သို့ ရုပ်ပုံများဆွဲရ မည်ဖြစ်ကြောင်း ရှင်းပြပါ၊ ထိုအထဲတွင် ပါဝင်နိုင်သည်မှာ-

- သူတို့၏မိသားစု
- သူတို့၏ရပ်ရွာ
- ကလေးများဘဝတွင် သူတို့လုပ်ချင်သောအရာများ
- ကလေးဘဝမှ သူတို့အရေးကြီးသည်ဟုထင်သော အကောင်းအဆိုး၊ ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များ၊စသည်တို့ဖြစ်သည်။

ပြီးနောက် ပါဝင်သူများအား ၎င်းတို့လက်ရှိရောက်ရှိနေသော အခြေအနေကို စာရွက်၏အလယ်တွင် ရုပ်ပုံအဖြစ် ဆွဲခိုင်းပါ။ ၎င်းတွင်

အောက်ပါအချက်များပါဝင်နိုင်သည်

- သူတို့၏သူငယ်ချင်းများ
- သူတို့လုပ်ချင်သောအရာများ
- သူတို့တော်သည်ဟု ထင်သည့်အရာများ
- သူတို့၏ဘဝတွင် ပြောင်းလဲသင့်သည်ဟု ထင်သည့်အရာများ
- သူတို့၏ ဘဝအားသက်ရောက်စေသည့်အကောင်းအဆိုးစသည့်ကဏ္ဍများ၊စသည်တို့ဖြစ်သည်။

နောက်ဆုံးတွင်၊ ပါဝင်သူများအား ၎င်းတို့အနာဂါတ်တွင် ဖြစ်လိုသောအရာများအား  စာရွက်ရှည်၏နောက်ဆုံးတွင် ပုံဆွဲနိုင်ကြောင်း

ပြောကြားပါ။ ၎င်းတို့တွင်-

- သူတို့၏ဆွေမျိုးသားချင်းများ
- သူတို့၏အလုပ်
- သူတို့ပျော်ရွှင်မှုအတွက် လုပ်ချင်သောအရာများ စသည်တို့ဖြစ်သည်။

ပါဝင်သူများအား ၎င်းတို့ဖြစ်လိုသောအနာဂါတ်အတွက် လုပ်ဆောင်ရမည့်အဆင့်များအကြောင်း အနည်းငယ်ကို ရုပ်ပုံ အောက်တွင်

ရေးသားခိုင်းပါ။ တစ်စုံတစ်ယောက်ကသူ (သို့) သူမ၏ ဘဝမြစ်ကြောင်းကို မျှဝေနိုင်မလားဆိုသည်ကို မေးပါ။ မည်သူ့ကိုမျှ ဖိအားမပေးပါနှင့်၊ ပါဝင်သူအား စေတနာ့ ဝန်ထမ်းဖြစ်ခွင့်ပေးပါ(သို့ မပေးပါနှင့်)။

## ဆွေးနွေးခြင်း

လူ၆-၈ယောက်ရှိအဖွဲ့များအဖြစ် ခွဲလိုက်ပါ။ ၎င်းတို့ကို အဖွဲ့ငယ်များအဖြစ်ထိုင်ခိုင်းလိုက်ပါ။ အကယ်၍သင့်ကျွမ်းကျင် သောလမ်းပြ

လူငယ်အဖွဲ့တွင်လူငယ်ခေါင်းဆောင်များရှိပါက၊ ၎င်းတို့ကို ဆွေးနွေးပွဲအားဦးဆောင်ခိုင်းပါ။အဖွဲ့အား အောက်ပါမေးခွန်းများအား အတူတကွစဉ်းစား ရန်ပြောကြားပါ။ အဖွဲ့အား ပါဝင်သူအားလုံးတွင် ပြောကြားရန်အခွင့်အရေးရှိကြောင်းနှင့် ၎င်းတွင် 'မှန်သည်' ဆိုသော အဖြေမရှိ ကြောင်းသတိပေးလိုက်ပါ။

- လူများတွင် ၎င်းတို့ဘဝအတွက် ရည်မှန်းချက်များရှိသည်၊ (သို့)  လူအများစုမှာ အစီအစဉ်မရှိပဲ၊  မြစ်ထဲတွင် မျောနေသောသစ်ရွက်များကဲ့သို့၎င်း တို့ဘဝတွင်မျောပါနေသူများဖြစ်သည်ဟုထင်ပါသလား။
- လူများသည်သူတို့ရည်ရွယ်ချက်များကို တစ်ခါတစ်ရံတွင် အောင်မြင်ပြီး တစ်ခါတစ်ရံတွင် ဘာကြောင့်မအောင်မြင်ရပါသနည်း။
- သင့်ရည်မှန်းချက်အားရရှိရန် ခက်ခဲနေပါကသင်ဘာလုပ်မည်နည်း။

## နေ့စဉ်မှတ်တမ်းများနှင့်မိတ်ဆက်ခြင်း

ပါဝင်သူအားလုံးကို နေ့စဉ်မှတ်တမ်းနှင့် ဘောလ်ပင် တစ်ချောင်းစီ ပေးလိုက်ပါ။

နေ့စဉ်မှတ်တမ်းမှာ ၎င်းတို့စိတ်ကူးများနှင့် ခံစားချက်များအား ရေးသားနိုင်သောစာအုပ်တစ်အုပ်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းမှာ ကိုယ်ရေးကိုယ်တာ ဖြစ်သည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှမဖတ်ရပါ။ ဦးဆောင်သူများပင် မဖတ်ရပါ။ ၎င်းကိုကျွမ်းကျင် သောလမ်းပြလူငယ်အဖွဲ့၏ သေတ္တာအတွင်းသော့ခတ်ပြီး သိမ်းထားမည်ဖြစ်သည်။

နေ့စဉ်မှတ်တမ်းမှာ ၎င်းတို့ဘဝများအကြောင်းပါဝင်သည့် စာအုပ်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းတို့သည် မိမိတို့တွင်ဖြစ်ပျက်ခဲ့သောအကြောင်းအရာ၊ခံစားရသောအရာ၊(သို့) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ဆွေးနွေးခဲ့သည့်အရာများ စသည်တို့အကြောင်းကို ရေးသားနိုင်သည်။ မိမိတို့ရေးချင်သည်များကိုရေးသားနိုင်ပါသည်။

ပါဝင်သူများအား၊ ၎င်းတို့၏ ဘဝအကြောင်းများကို နေ့စဉ်မှတ်တမ်းတွင်ရုပ်ပုံများဆွဲခြင်းအား ပိုမိုနှစ်သက်သည်ဆိုပါကပြု လုပ်နိုင်ကြောင်းပြောပြပါ။

တစ်ခါတစ်ရံတွင် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ပါဝင်သူများအား၎င်းတို့၏ သင်ရိုးညွှန်းတမ်းတွင် ပါဝင်သောသီးခြားအကြောင်းအရာ အကြောင်းကို နေ့စဉ်မှတ်တမ်းတွင် ရေးသားရန် ပြောကြားမည်ဖြစ်ကြောင်း၊ သို့သော် ပါဝင်သူများသည် ၎င်းတို့ဘာ ရေးသည်ကိုအဖွဲ့သို့မျှဝေရန် မလိုအပ်ကြောင်း ရှင်းပြပါ။၎င်းသည်လည်း ကိုယ်ရေးကိုယ်တာအဖြစ် ဆက်ရှိနေမည်ဖြစ်သည်။

အဖွဲ့အား အခန်းမှကျန်ရှိသောအချိန်ကို ၎င်းတို့နေ့စဉ်မှတ်တမ်းတွင်၊ ၎င်းတို့၏ဘဝရည်မှန်းချက်နှင့်စိန်ခေါ်မှုများအကြောင်းအားဖော်ပြရန်အတွက်ရေးသားမှုပြုလုပ်ရန်ဖိတ်ခေါ်လိုက်ပါ။

အခန်းပြီးဆုံးသွားပါက နေ့စဉ်မှတ်တမ်းအားလုံးကို သိမ်းဆည်းလိုက်ပါ။ ၎င်းတို့ကို နောက်လာမည့်အခန်းမတိုင်မီအထိသေတ္တာတွင် သော့ခတ်ပြီး ထားရှိပါ။

**အခန်းအနှစ်ချုပ်**

- ၎င်းသည် မိမိကိုယ်ကိုသိရှိရန်နှင့် ၎င်းတို့ဘဝအားရောင်ပြန်ဟပ်စေရန် ကူညီပေးသည်။
- နေ့စဉ်မှတ်တမ်းသည် ၎င်းကိုကူညီလုပ်ဆောင်ပေးသည်။
- ပါဝင်သူများသည် ၎င်းတို့ကိုယ်ပိုင်နေ့စဉ်မှတ်တမ်းကို သာဖတ်နိုင်မည်။

## နိဂုံး

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့်/(သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန်တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအားအမည်လျှို့ဝှက်ပြီးပေးရန် တောင်းဆိုမည်ဖြစ်သည်။

လာရောက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ နောက်လာမည့်အဖွဲ့အစည်းအဝေးအားအတည်ပြုပါ။ အကယ်၍ သူတို့သည်အခန်းနှစ်ခုစလုံးအားတက်ရောက်ခဲ့သည်ဆိုပါက ၎င်းတို့မှာ ကြယ်နှစ်ခုရရှိပြီးဖြစ်ကြောင်း ပြောပြပါ။

ပါဝင်သူများအား ၎င်းတို့ပတ်ဝန်းကျင်မှ လူများအား စဉ်းစားပြီး အောက်ပါမေးခွန်းများကို ဖြေခိုင်းပါ။

- သင့်ပတ်ဝန်းကျင်မှ လူများတွင် ရည်ရွယ်ချက်များရှိသည်ဟု သင်ထင်ပါသလား။
- သူတို့ရည်ရွယ်ချက်က ဘာတွေလဲ။

ခေါင်းဆောင်များမှ ဤရေးသားထားသော မေးခွန်းပါဝင်သည့်စာရွက်များကို အိမ်သို့ယူသွားနိုင်ကြောင်း ပါဝင်သူများအား သတိပေးပြောကြားနိုင်သည်။